# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလကွယ် ၊ တနင်္ဂနွေနေ့ ၊ (11-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၂၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄ ။)**

၁၃၈၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)၏နောက်တွင် ပုဒ်မခွဲ(ဍ)နှင့်(ဎ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

စာမျက်နှာ ၂၀ ကော်လံ ၁ ⚐

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၂၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။)**

၁၃၈၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)၏ နောက်တွင် ပုဒ်မခွဲ(ဍ)နှင့် (ဎ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု

စာမျက်နှာ ၂၀ ကော်လံ ၁ ❑


ရတနာပုံ **ယနေ့ဖတ်စရာ**

**နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၇၄/ ၇၅/ ၇၆/ ၇၇/ ၇၈/ ၇၉/ ၈၀/ ၂၀၂၆ တို့ကို ထုတ်ပြန်** စာမျက်နှာ - ၁၆

**နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ခရီးစဉ်** ဆောင်းပါး စာမျက်နှာ - ၁၈


## အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် နေအိမ်မှသာ ဆောင်ရွက်ကြရန် သတ်မှတ်ကြေညာချက်ကို မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၀

၁။ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာခဲ့သည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန်အတွက် စက်သုံးဆီသုံးစွဲမှုကို ချွေတာလျှော့ချရန်ရည်ရွယ်၍ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများသည် သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်ခြင်းမပြုဘဲ မိမိနေထိုင်ရာ နေအိမ်၊ အဆောင်များတွင်သာ ရုံးလုပ်ငန်း ဆောင်ရွက်ခြင်းကို ၂၀၂၆ ခုနှစ် မတ် ၂၅ ရက်မှစတင်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် (work from home)ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အထက်ပါ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် (work from home) ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာချက်ကို ယနေ့မှစ၍ မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်သမ္မတရုံး

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ ဒေသခံပြည်သူများနှင့် ကျေးရွာစိုက်ကေများ ထိခိုက်မှုမရှိ



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျခဲ့မှုကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံအလျားပေ ၂၅၀၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့်ထိ လျှော့ကျခဲ့သည့်အတွက် ယနေ့နံနက်ပိုင်းမှစ၍ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး ထိုသို့ဆောင်ရွက်မှုကြောင့် ရေလှောင်တမံပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများနှင့် ၎င်းတို့၏ စိုက်ကေများ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ မမြရေလှောင်တမံသည် အောက်တိုဘာ ၇ ရက်မှစတင်၍ အလျားပေ ၅၀ ခန့်၊ အနံ လေးပေခွဲခန့်၊ မြေသား ရှစ်လက်မခန့် နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာကို ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီခွဲခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ ကြား၊

စာမျက်နှာ ၂၁ ကော်လံ ၁ ❍


ရတနာပုံ **ယနေ့ဖတ်စရာ**

**တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ** စာမျက်နှာ - ၂၅

**ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်** စာမျက်နှာ - ၂၆

ရတနာပုံ

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်

**အယ်ဒီတာ့အာဘော်**

# ကမ္ဘာ့အကောင်းဆုံးဆန်ဆုမှသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးဆီသို့

နိုင်ငံတစ်နိုင်ငံ တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အသက်သွေးကြောမှာ စိုက်ပျိုးရေးကဏ္ဍနှင့် တောင်သူလယ်သမားထုကြီးပင်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် မိမိတို့၏ မွေးရပ်ဇာတိမြေတွင် အေးချမ်းစွာလုပ်ကိုင်စားသောက်ခွင့်ရှိကြသကဲ့သို့ နိုင်ငံတော်၏စီးပွားရေးအင်အားကို မြှင့်တင်ရာတွင်လည်း အမျိုးသားထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ခြင်းက အမိနိုင်ငံတော်၏ဂုဏ်သိက္ခာကို မြင့်မားစေသည့် အဓိကအုတ်မြစ်တစ်ခုဖြစ်ပေသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသော International World Rice Conference 2026 တွင် နိုင်ငံတကာဆန်အမျိုးအစားများ ပါဝင်ပြသခဲ့ပြီး ဆန်အရည်အသွေးယှဉ်ပြိုင်ပွဲကိုကျင်းပခဲ့ရာ မြန်မာ့ပေါ်ဆန်းဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန် (World's Best Rice Award) ကို ဒုတိယအကြိမ်မြောက် ထပ်မံဆွတ်ခူးရရှိခဲ့ပြီဖြစ်သည်။ ပထမအကြိမ်က ၂၀၁၁ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် နိုင်ငံတကာဆန်စပါးညီလာခံတွင် ရရှိခဲ့ခြင်းဖြစ်ရာ ယခုကဲ့သို့ ဒုတိယအကြိမ်ရရှိခြင်းသည် မြန်မာ့ဆန်စပါးကဏ္ဍအတွက် သမိုင်းဝင်ဂုဏ်ယူဖွယ်ရာ မှတ်တိုင်တစ်ခုပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် စပါးဇီဇအရင်းအမြစ်ပေါ်များကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အလျောက် ဆန်စပါးအမျိုးအစားများစွာ စိုက်ပျိုးထွက်ရှိသည်။ ပေါ်ဆန်းစပါးသည် စိုက်ပျိုးချိန်သက်တမ်းရှည်သည့် ကောက်ကြီးစပါးမျိုးဖြစ်ပြီး အရည်အသွေးအထူးကောင်းမွန်သည်။ ပေါ်ဆန်းဆန်ကိုချက်သည့်အခါ ထမင်းသည် ဆန်စေ့အလျားထက် နှစ်ဆခန့်ရှည်ထွက်လာခြင်း၊ စားသုံးရာတွင် နူးညံ့ပျော့ပျောင်းခြင်း၊ ထမင်း၏ရနံ့သင်းပျံ့ခြင်း စသောအရည်အသွေးကောင်းများနှင့်ပြည့်စုံသည်။

ပေါ်ဆန်းစပါး၏ မူလဇာတိဒေသသည် ဧရာဝတီတိုင်းဒေသကြီးမှဖြစ်ပြီး ၁၉၄၄ ခုနှစ်တွင် မြောင်းမြစိုက်ပျိုးရေးခြံ၌ Single Plant Selection နည်းကို အသုံးပြု၍ စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခုအခါတွင်လည်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်း၍ ရေဆင်းပေါ်ဆန်း-၁ နှင့် ရေဆင်းပေါ်ဆန်း-၂ ဟူသော ပေါ်ဆန်းစပါးမျိုးသစ်များကို ထုတ်လုပ်ပေးနိုင်ခဲ့ပြီး အဆိုပါ စပါးမျိုးများသည် ရာသီမရွေး စိုက်ပျိုးနိုင်ခြင်းနှင့် အထွက်နှုန်းကောင်းမွန်ခြင်းတို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးသွားကြရန် လိုအပ်လျက်ရှိသည်။

ယခုနှစ် အောက်တိုဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသည့် နိုင်ငံတကာဆန်စပါးညီလာခံနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့၏ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ဆန်ပို့ကုန်ကုမ္ပဏီများ တက်ရောက်ခဲ့ကြပြီး ဖိလစ်ပိုင်၊ မလေးရှားနှင့် အာဖရိကနိုင်ငံများသို့ ဆန်တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာ့လယ်ယာထွက်ကုန်တန်းမြင့်ဆန်များကို ယခုဘဏ္ဍာနှစ် ၂၀၂၆-၂၀၂၇ တွင် တန်ချိန် သုံးသန်း ပို့ကုန်ရည်မှန်းချက်ထားပြီး အဆိုပါရည်မှန်းချက်ကို ပြည့်မီကျော်လွန်စေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အနှစ်ချုပ်ဆိုရသော် မြန်မာ့ပေါ်ဆန်းဆန် ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ် ဆွတ်ခူးရရှိခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အမျိုးသားအမှတ်လက္ခဏာကို မြှင့်တင်ပေးနိုင်သည့် ထူးခြားသောအောင်မြင်မှုတစ်ရပ် ဖြစ်ပေသည်။ သို့ဖြစ်ရာ နိုင်ငံသူနိုင်ငံသားများ၊ တောင်သူလယ်သမားများနှင့် ဆန်စပါးကဏ္ဍတာဝန်ရှိသူများအနေဖြင့် ပေါ်ဆန်းစပါးကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရင်း နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆတက်ထမ်းပိုး ဝိုင်းဝန်းအလုပ်အကျွေးပြုကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧက ၂၄၂၀ ထိ ရိတ်သိမ်းပြီးစီး



**ဒီပဲယင်း အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧက ၂၄၂၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၈၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၂၄၂၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၁ ဒသမ ၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နေကြာ ၄၈၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်ကြီးမြို့နယ် ဂန္ဓမာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဂန္ဓမာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂန္ဓမာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို ရန်ပုံငွေကျပ် ၅၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပန်းတနော်မြို့နယ်တွင် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေ



**ပန်းတနော် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံဥများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် အောက်တိုဘာလ ပထမပတ်မှ ယနေ့ထိ ပီလောပီနံဥများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံဥများပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပီလောပီနံဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလို ပီလောပီနံဥတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ တောင်သူတွေ အဆင်ပြေလာပါတယ်။ ပီလောပီနံဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ပီလောပီနံဥအပါအဝင် အခြားရာသီပေါ် သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ပီလောပီနံဥကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# အမရပူရမြို့နယ် မြအင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အမရပူရ အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တောင်ကိုင်းကျေးရွာအုပ်စု မြအင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေး၊ စီမံကိန်းတာဝန်ခံများ၊ တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ မြအင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ မြအင်းကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်းငွေကျပ် ၁၈ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ကျောက်ပန်းတောင်းမြို့ အ.ထ.က(၁)ကျောင်း၌ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြော

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကားဝါခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယ ရဲမှူး ကျော်ဇင်ထွေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို သုံးစွဲမှု၊ လက်ဝယ်ထားရှိမှု၊ လွှဲပြောင်းရောင်းချမှုများနှင့် ပတ်သက်၍ ဥပဒေအရကျခံနိုင်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်မေသက်နွယ်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့် ဆက်နွယ်သည့် လူမှုဘဝဆိုးကျိုးများနှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်အကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကျောင်းခန်းမရှေ့တွင် ချိတ်ဆွဲပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြရာ မြို့နယ်ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးတို့က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**အောင်နေဦး**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘို အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းကေ ၄၁၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၇၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲတီစိမ်းကေ ၄၁၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒလမြို့နယ် ရွှေလှေချောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဒလ အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေလှေချောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စံချောချောခင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်က ထွက်ရှိတဲ့ မနောသုခဆန် အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ မနောသုခဆန်က ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အရည်အသွေးပြည့်မီတဲ့ စပါးတွေကို ကြိတ်ခွဲသန့်စင်ပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တာပါ။ မနောသုခဆန်ကို ရန်ကုန်ဈေးကွက်က အခုအောက်တိုဘာလအတွင်းမှာလဲ ဝယ်ယူမှုများနေပြီး နောက်ထက်လဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါမနောသုခဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကုန်ကြမ်းထောင်ချောက်ကိုကျော်လွန်၍ ကုန်ချောပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး

နိုင်ငံအတွက် မဟာဗျူဟာစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရန်ရည်ရွယ်ပြီး ယခုနှစ်စက်တင်ဘာ ၂၁ ရက်တွင် နေပြည်တော်၌ "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ထိုအထဲမှ အလုပ်လုပ်သူများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာ၊ သား၊ ငါး၊ သစ်တောကဏ္ဍတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် ဆင်းရဲမှုရှိနေသည်ဟု သုံးသပ်ထားကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးသည် အရေးကြီးသည်မှာ ပေါ်လွင်နေကြောင်း၊ မိရိုးဖလာလုပ်ဆောင်နေကြသည့် စိုက်ပျိုးမွေးမြူရေးကို စနစ်တကျပြောင်းလဲဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် တန်ဖိုးမြှင့်ထုတ်ကုန်များရရှိအောင်ဆောင်ရွက်နိုင်မှသာ ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ပြည်ပသို့ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် နှမ်း၊ ပြောင်းတို့ကို နှစ်စဉ်အများအပြားတင်ပို့နိုင်ပြီး ကမ္ဘာတွင် အဆင့်တစ်ခုထိ ရောက်နေသည့်အခြေအနေဖြစ်သည်။ ပြည်ပတင်ပို့မှုမှတ်တမ်းများသည် အထက်ပါ လယ်ယာကဏ္ဍထွက်ကုန်များကြောင့် အဆင်ပြေနေသကဲ့သို့ မြင်ရနိုင်သည်။ အဆိုပါ သီးနှံအခြေခံသည့် ပို့ကုန်များကိုကြည့်လျှင် အများစုသည် ကုန်ကြမ်းသီးနှံအဖြစ်သာ တင်ပို့နေသည်ကို တွေ့ရသည်။

ဆန်နှင့်ဆန်ကွဲသာ တစ်စိတ်တစ်ပိုင်း တန်ဖိုးမြှင့်ထုတ်ကုန်ဟု ပြောနိုင်သည်။ ဆန်နှင့်ဆန်ကွဲမှ ထပ်မံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပါသေးသည်။ အလားတူပင် ပဲမျိုးစုံ၊ နှမ်းနှင့် ပြောင်းတို့သည်လည်း သီးနှံအဖြစ်၊ တစ်နည်းအားဖြင့် ကုန်ကြမ်းအဖြစ်သာ တင်ပို့ကြခြင်းဖြစ်သည်။ ထိုသို့ ကုန်ကြမ်းအဖြစ်တင်ပို့နေရသဖြင့် နိုင်ငံအတွက် ပို့ကုန်မှဝင်ငွေသည် ကုန်ချောတင်ပို့သကဲ့သို့ များများမရနိုင်ပေ။

ထိုသို့ကုန်ကြမ်းအဖြစ်သာ သီးနှံများကို လွယ်လွယ်ကူကူတင်ပို့၍ ငွေဝင်နေသဖြင့် တောင်သူများရော၊ လုပ်ငန်းရှင်များပါ ထပ်မံ၍ဝင်ငွေတိုးရေးကိုမလုပ်ဖြစ်ကြသည်ကို တွေ့နေရသည်။ ဆိုလိုသည်မှာ အထိုက်အလျောက် ငွေရနေသဖြင့် ထပ်မံတိုးတက်ရရှိမည့် နည်းလမ်းများနောက်ကိုလိုက်ရန်၊ လယ်ယာထွက်ကုန်သီးနှံများသာ ထုတ်လုပ်တင်ပို့နေရာမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ကုန်ချောအဖြစ်ထုတ်လုပ်ကြပြီး ပြည်ပတင်ပို့ခြင်းကို အားမထုတ်ဖြစ်သကဲ့သို့ဖြစ်လာသည်။

အထူးသဖြင့် လုပ်ငန်းရှင်များသည် တောင်သူများ စိုက်ပျိုးထုတ်လုပ်ထွက်ရှိသည့် သီးနှံများကို ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ သန့်စင်ခြင်း၊ အိတ်သွတ်ခြင်းမျှသာ ပြုလုပ်၍ နိုင်ငံရပ်ခြားသို့ တင်ပို့ပြီး အကျိုးအမြတ်ရှိနေကြသည်။ တန်ဖိုးမြှင့်ထုတ်ကုန် သို့မဟုတ် ကုန်ချောများကိုထုတ်လုပ်ပြီး ပြည်ပတင်ပို့ရန် အားထုတ်မှုနည်းပါးကြသည်။

လုပ်ငန်းရှင်အများစုသည် လယ်ယာကဏ္ဍနှင့်ဆက်နွှယ်ပြီး သီးနှံအများစုကို ကုန်ကြမ်းအဖြစ်တင်ပို့ခြင်းဖြင့် အဆင်ပြေပြီး ကုန်ချောထုတ်လုပ်ရန် စက်ရုံတည်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်း၊ ပြည်တွင်း၊ ပြည်ပတွင် နာမည်တစ်ခု၊ အမှတ်တံဆိပ် Brand ခိုင်မာစွာရရှိပြီး ကုန်ချောများ ရောင်းချခြင်းဖြင့် ပိုမိုအကျိုးရှိအောင် မလုပ်ကြသည်ကို တွေ့နိုင်သည်။



ပြည်ပသို့ ဆန်တင်ပို့မှုကို တွေ့ရစဉ်။

ထိုသို့ကုန်ချောထုတ်လုပ်ရန်မှာ ပြည်ပသို့ မိမိအမည်၊ ကုန်တံဆိပ်ဖြင့် တင်ပို့နိုင်ရန်မှာ အခက်အခဲများပြားသဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရမှုများပြားသဖြင့်လည်းကောင်း လွယ်လွယ်ဖြင့် ငွေပေါ်သည့် သီးနှံအတိုင်း ကုန်ကြမ်းတင်ပို့ခြင်းကိုသာ လုပ်လိုကြ၊ လုပ်နေကြသည်။

ကုန်ချောထုတ်လုပ်သူများသည် သီးနှံအတိုင်းပြည်ပတင်ပို့သည့် လုပ်ငန်းစဉ်ထက်များပြားသော အဆင့်ဆင့် အခက်အခဲများကို ကျော်လွှားပြီး လုပ်ကိုင်ကြ၊ ရင်းနှီးကြရသည်။ ထို့ကြောင့် ကုန်ချောထုတ်လုပ်သူ၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ပြီး ပြည်ပတင်ပို့သူအဖြစ် မလုပ်ကိုင်လိုကြပေ။ တစ်နည်းအားဖြင့် သက်သောင့်သက်သာရှိသော အခြေအနေ Comfort Zone အတွင်းတွင်သာ လုပ်ကိုင်ပြီး ခက်ခဲသော အခြေအနေသို့ကူးပြောင်းကာ ပိုမိုရရှိနိုင်သော အခွင့်အရေးနှင့် ဝင်ငွေများအတွက် မစွန့်စားလိုကြခြင်းဖြစ်သည်။ ပြောရမည်ဆိုပါက အခြေအနေတစ်ခုတွင် သာယာနေကြခြင်းဖြစ်သည်။ ပြည်ပသို့ ကုန်ချော သို့မဟုတ် တန်ဖိုးမြှင့်ထုတ်ကုန်များတင်ပို့ရန် ကြိုးစားကြသူများရှိသော်လည်း အဆိုပါကုန်ချောထုတ်လုပ်သူများအတွက် ဈေးကွက်ဝင်ရောက်ရန်နှင့် ဈေးကွက်အတွင်း ရေရှည်တည်တံ့ခိုင်မြဲရန်လည်း ကြိုးစားနေကြရသည်။

ပထမဦးစွာ ပြည်တွင်းဈေးကွက်တွင် အောင်မြင်ရန်ကြိုးစားကြရပြီး ပြည်တွင်းဈေးကွက်တွင် အောင်မြင်သည့်အခါ ကျယ်ပြန့်သည့် ပြည်ပဈေးကွက်များသို့လည်း တက်လှမ်းကြရမည်ဖြစ်သည်။ ပြည်ပဈေးကွက်သို့ ပြည်တွင်းမှတင်ပို့နိုင်သည့် ကုန်ပစ္စည်းအများစုကိုကြည့်လျှင် ကုန်ကြမ်းပစ္စည်းများသာဖြစ်ကြသည်။ ကုန်ချော သို့မဟုတ် တန်ဖိုးမြှင့်ထုတ်ကုန်တင်ပို့နိုင်မှု အလွန်နည်းပါးသည်။ လယ်ယာထွက်ကုန်များကို ကြည့်လျှင်လည်း သီးနှံများအဖြစ်သာ တင်ပို့နိုင်သည်။ ထိုသို့ ကုန်ကြမ်းများသာ တင်ပို့နိုင်ပြီး ထိုအခြေအနေအတိုင်းသာ တဝဲလည်လည်ဖြစ်နေခြင်းကို ကုန်ကြမ်းထောင်ချောက်အတွင်းကျဆင်းနေခြင်းအဖြစ် ကုန်သွယ်မှုတွင် သုံးနှုန်းကြသည်။

**ကုန်ကြမ်းထောင်ချောက်သံသရာ**

မြန်မာနိုင်ငံတွင် တန်ဖိုးမြှင့်ထုတ်ကုန်များနှင့် ကုန်ချောပစ္စည်းများကို ထုတ်လုပ်ရန်အတွက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သကဲ့သို့ နည်းပညာပိုင်းတွင်လည်း တိုးတက်ရန်လိုအပ်သည်။ စက်မှုဖွံ့ဖြိုးမှု အားနည်းခြင်းနှင့် နည်းပညာပိုင်း အားနည်းခြင်းများကြောင့် လယ်ယာထွက်ကုန်သီးနှံများနှင့် ကုန်ကြမ်းများကိုသာ ပြည်ပသို့တင်ပို့ပြီး ပို့ကုန်ဝင်ငွေရှာဖွေကြရသည်။

ထို့ပြင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ဈေးသက်သာသောကုန်ကြမ်းများကိုသာ ဝယ်ယူပြီး သူတို့၏ စက်ရုံအလုပ်ရုံများ အလုပ်ရရှိရေး၊ အလုပ်သမားများ အလုပ်အကိုင် အခွင့်အလမ်းကောင်းရေးအတွက်သာကြည့်၍ ကုန်ချောထုတ်လုပ်တတ်သည်။ ကုန်ကြမ်းများမှ ကုန်ချောတစ်မျိုးတည်းသာမကပဲ အသုံးဝင်တတ်သော ဘေးထွက်ပစ္စည်းများပါရတတ်သဖြင့် ကုန်ကြမ်းဝယ်ယူပြီး ကုန်ချောထုတ်ခြင်းက အဆိုပါနိုင်ငံများအတွက် ပိုမိုတွက်ခြေကိုက်စေသည်။

ထို့ကြောင့် ချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများနှင့် စက်မှုထွန်းကားသော နိုင်ငံကြီးများသည် ဖွံ့ဖြိုးမှုနောက်ကျ၍ စက်မှုလုပ်ငန်းအားနည်းသော နိုင်ငံများထံမှ ကုန်ကြမ်းများကို ဈေးပေါပေါဖြင့်ရအောင် ဝယ်ယူတတ်ကြသည်။ အဆိုပါနိုင်ငံများသည် ကုန်ချောများ ထုတ်လုပ်တင်ပို့လျှင်လည်း အကောက်ခွန်နည်းလမ်းများ၊ အရည်အသွေး စံချိန်စံညွှန်းများဖြင့် စိစစ်သောနည်းလမ်းများဖြင့် ပို့ကုန်တင်သွင်းမှု ခက်ခဲအောင်လုပ်တတ်ကြသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးမှုနောက်ကျသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်ကြမ်းကိုသာ တင်ပို့ခွင့်ရနေပြီး ကုန်ချောကို ပြန်ဝယ်သွင်းနေရသည့် အဆင့်မှ တိုးတက်ရန်ခက်ခဲနေတတ်သည်။

ကုန်ကြမ်းမှရသော ပို့ကုန်ဝင်ငွေနည်းသဖြင့် စက်မှုလုပ်ငန်းများနှင့် နည်းပညာပိုင်းကို ဖွံ့ဖြိုးရန် လုပ်ကိုင်ရမှုခက်ခဲစေသည်။ ထို့ကြောင့် ကုန်ချောထုတ်လုပ်မှုတိုးတက်ခြင်းနည်းပါးပြီး ကုန်ချောကို ပြည်ပမှဈေးကြီးပေး၍ တင်သွင်းနေရသည်။ ထိုသို့တင်သွင်းနိုင်ရန်အတွက် လိုအပ်သော ပို့ကုန်ဝင်ငွေကို ကုန်ကြမ်းရောင်း၍သာ ရှာဖွေရသည်။ ထိုသို့ဖြင့် ကုန်ကြမ်းထောင်ချောက်သံသရာမှ မလွတ်နိုင်အောင်ဖြစ်ရသည်။

ထင်ရှားသော ဥပမာနှင့်ပြရလျှင် ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်သော နှမ်းနှင့် မြေပဲတို့ကို ပြည်ပသို့နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ၃၀၀ ခန့်ထိ တင်ပို့ရလေ့ရှိသည်။ သို့သော် တစ်ဖက်တွင် စားအုန်းဆီနှင့် အခြားစားသုံးဆီများကို ပြည်ပမှ အမေရိကန်ဒေါ်လာ သန်း ၆၀၀၊ ၇၀၀ ဖိုးခန့် ပြန်လည်တင်သွင်းရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းဈေးကွက်အတွက်၊ ပြည်တွင်းဆီဖူလုံရန်အတွက် ဦးစွာကြိုးစားပြီး ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်မှသာ နိုင်ငံခြားငွေထွက်ပေါက်ကို လျှော့ချနိုင်မည်ဖြစ်သည်။

အလားတူပင် ပြည်ပသို့ တစ်နှစ်လျှင် သကြားဖြူ အမေရိကန်ဒေါ်လာ သန်း ၄၅ သန်းဖိုးခန့် တင်ပို့နေသည်။ သို့သော် ပြည်တွင်းတွင် မထုတ်လုပ်နိုင်သေးသောသကြား အမေရိကန်ဒေါ်လာ သန်း ၄၀ ဖိုးခန့် ပြန်တင်သွင်းရနေရသည်။ ထို့ကြောင့် ပြည်ပပို့ကုန်ဝင်ငွေများကို ရှာဖွေရရှိနေသော်လည်း ပြည်ပသွင်းကုန်များကြောင့် ပြန်လည်ကုန်ကျနေရသဖြင့် ပြည်တွင်းဖူလုံရေးနှင့် ပြည်တွင်းတွင် ကုန်ချောများ၊ တစ်ဝက်တစ်ပျက် ကုန်ချောများနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေးသည် မြန်မာနိုင်ငံအတွက် ကုန်ကြမ်းထောင်ချောက်မှ ထွက်၍ ကုန်ချောပိုမိုထုတ်လုပ် တင်ပို့နိုင်ရေးဆီ ရောက်ရှိရေးအတွက် တံခါးပေါက်ပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

မျိုးသူ(ကုန်သွယ်မြှင့်)

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၈၅၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၈၈၅၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၈၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဂျုံစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဂျုံဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူအသိပညာပေးဆွေးနွေးတာတွေ၊ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ နှန်းသားတွေပေါင်းရှင်းဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဂျုံအထွက်တိုးစေဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေး သွားပါမယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံများလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်ရေး၊ အရည်အသွေးကောင်းဂျုံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ပုလောမြို့နယ် လိပ်သောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုလော အောက်တိုဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိပ်သောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပုလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ် ၅၆၃ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လိပ်သောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပုလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

## စိတ်ထားအလှ မြတ်ဘဝ

\- သန့်ရှင်းကာ ကောင်းနိမိတ်နဲ့
မြင့်မြတ်စိတ် နှောင်တွယ်၊
အသိပေါ် သတိအုပ်လို့
ရုပ်လုံးဖော်ကွယ်၊
တိုတောင်းသည့် လူ့ဘောင်ဝယ်
ဉာဏ်ပင်လယ် အုပ်မိုး၊
စိတ်ဆိုတာ ပဓာနကျတဲ့
ဘဝတန်ဖိုး။

\- ကိုယ့်စိတ်ကို ဖွံ့ဖြိုးဖို့
ဆတိုးလို့ စွမ်းဆောင်၊
အရည်သွေးမီ သမာဓိနဲ့
သီလရှိအောင်၊
ကိုယ်တိုင်ပဲ ကိုယ်ထူထောင်
လင်းရောင်ခြည် ထုံမွှမ်းဆင့်၊
ပညာဉာဏ် ကြီးမားဖို့
စိတ်အားကို မြှင့်။

\- ဆိုးမှုနယ် မလိုက်သင့်
မြင့်ခြင်းသို့ ဦးတည်၊
စိတ်ခိုင်းရာ ကောင်းဂုဏ်တွေ့မှ
မွေ့ပျော်နိုင်မည်၊
ရရှိထား ခန္ဓာသည်
အပျက်ဆီ လှမ်းတက်၊
နိုပ်ကွပ်ပါကွဲ့
စိတ်ညွှတ်ရာ လွဲချော်အရေးကိုဖြင့်
အရိပ်မွတ်သာ တွဲခေါ်ပေးနိုင်ဖို့
(အားလုံး...)
တွေး ဉာဏ်ထက်ထက်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



## အမေရိကန်ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်သို့ ဒီဇယ်ဆီတင်ပို့ပေးရန် ရုရှားနိုင်ငံသဘောတူ

ဝါရှင်တန် အောက်တိုဘာ ၁၀

အမေရိကန်နိုင်ငံနှင့် ကမ္ဘာ့ဈေးကွက်တို့အတွက် ဒီဇယ်ဆီများ ဖြည့်တင်းပေးရန် ရုရှားသမ္မတပူတင်က သဘောတူထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတပူတင်၏ သဘောတူညီချက်အရ အမေရိကန်ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တို့အတွက် ရုရှားနိုင်ငံက ဒီဇယ်ဆီတန်ချိန် သုံးသိန်း ချက်ချင်းဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

ထို့ပြင် ရုရှားနိုင်ငံသည် ယခုနှစ်နိုဝင်ဘာလအတွင်း အမေရိကန်ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တို့အတွက် ဒီဇယ်ဆီတန်ချိန် ငါးသိန်း ထပ်မံဖြည့်တင်းပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် တန်ချိန် ၁၀ သိန်းထိ ထပ်မံဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန် သမ္မတဒေါ်နယ်ထရမ့်တို့သည် အောက်တိုဘာ ၉ ရက်တွင် ဖုန်းခေါ်ဆို၍ ယူကရိန်းစစ်ရေးပဋိပက္ခကိစ္စ၊ အမေရိကန်နှင့် ကမ္ဘာ့ဈေးကွက်သို့ ဒီဇယ်ဆီများ ဖြည့်ဆည်းပေးရေးကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် လာမည့် ၂၀၂၇ ခုနှစ် ဧပြီလထိ ကမ္ဘာ့ဈေးကွက်သို့ ရုရှားဒီဇယ်ဆီများ တင်ပို့နိုင်ရန် အောက်တိုဘာ ၉ ရက်တွင် ယာယီလိုင်စင်တစ်ခု ထုတ်ပေးထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## တရုတ်နိုင်ငံထုတ်မော်တော်ယာဉ်တင်ပို့မှု ထက်ဝက်လျှော့ချရေး သဘောတူညီချက် ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့ရယူ




ပေကျင်း အောက်တိုဘာ ၁၀

တရုတ်နိုင်ငံထုတ် စွမ်းအင်နှစ်မျိုးသုံးမော်တော်ယာဉ်များဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့မှုအရေအတွက် ထက်ဝက်လျှော့ချပေးမည့် သဘောတူညီချက်တစ်ရပ်ကို တရုတ်နှင့်ဥရောပသမဂ္ဂ(အီးယူ)တို့က ရယူခဲ့ကြောင်း အောက်တိုဘာ ၉ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံထုတ် စွမ်းအင်နှစ်မျိုးသုံးကားများ အီးယူနိုင်ငံများသို့ တင်ပို့မှု ထက်ဝက်လျှော့ချရေး သဘောတူညီချက် ရယူနိုင်မှုကို အီးယူကုန်သွယ်ရေး မဟာမင်းကြီး မားရောစ်ဆက်ဖ်ဗစ်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါ သဘောတူညီချက်ကို မည်သို့အကောင်အထည် ဖော်မည်ဆိုသောအချက်နှင့်ပတ်သက်၍ အီးယူကုန်သွယ်ရေး မဟာမင်းကြီး မားရောစ်ဆက်ဖ်ဗစ်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ အခွန်စည်းကြပ်မှုများနှင့် တရုတ်နိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှုမြင့်တက်လာခြင်းကြောင့် ပြီးခဲ့သည့်နှစ်နှစ်အတွင်း ဥရောပအခြေစိုက်ကားထုတ်လုပ်ရေး ကုမ္ပဏီများ၏ အစုရှယ်ယာများ ကျဆင်းခဲ့ရသည်။

သို့ရာတွင် တရုတ်နိုင်ငံနှင့် ရယူခဲ့သည့် သဘောတူညီချက်သတင်းကြောင့် ဥရောပအခြေစိုက် ကားထုတ်လုပ်ရေးကုမ္ပဏီများ၏ အစုရှယ်ယာများဈေးနှုန်း ပြန်လည် မြင့်တက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တောင်ကိုရီးယားနိုင်ငံ၌ စူပါမားကတ်အဆောက်အအုံ မျက်နှာကြက်ပြိုကျ၍ လူ ၃၈ဦး ဒဏ်ရာရ

ဆိုးလ် အောက်တိုဘာ ၁၀

တောင်ကိုရီးယားနိုင်ငံ တေဂူးမြို့ရှိ စူပါမားကတ်အဆောက်အအုံတစ်လုံး၌ ယနေ့တွင် မျက်နှာကြက်ပြိုကျခဲ့ရာ လူ ၃၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

စူပါမားကတ် အဆောက်အအုံ မျက်နှာကြက် ပြိုကျမှုကြောင့် ဒဏ်ရာရခဲ့သူများမှာ အခြေအနေကောင်းမွန်ကြောင်း တေဂူးမြို့ မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

စူပါမားကတ် အဆောက်အအုံ မျက်နှာကြက် ပြိုကျခဲ့ပြီးနောက် လူ ၆၆ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း တေဂူးမြို့ မီးသတ်တပ်ဖွဲ့က ပြောကြားထားသည်။

စူပါမားကတ် အဆောက်အအုံ မျက်နှာကြက် ပြိုကျမှုကြောင့် ဒဏ်ရာရသူများအနက် ကိုးဦးကို ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။

မျက်နှာကြက် ပြိုကျခဲ့သော စူပါမားကတ် အဆောက်အအုံမှာ လေးထပ် အဆောက်အအုံဖြစ်ပြီး မျက်နှာကြက် ပြိုကျမှုမှာ ဒုတိယထပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စူပါမားကတ် အဆောက်အအုံ မျက်နှာကြက် ပြိုကျမှုကို တေဂူးမြို့ရဲတပ်ဖွဲ့က စုံစမ်း စစ်ဆေးနေကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အမေရိကန်ဒေါ်လာ ငါးသန်းကျော်တန်ဖိုးရှိ ဝိုင်ပုလင်း ၃၀၀၀၀ ခန့် အီတလီနိုင်ငံ၌ ခိုးယူခံရ



ရောမ အောက်တိုဘာ ၁၀

အီတလီနိုင်ငံ တပ်ကာနီပြည်နယ် ဝိုင်အရက်ချက် စက်ရုံတစ်ရုံမှ ယူရိုငွေ ငါးသန်း (အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ သန်း) တန်ဖိုးရှိ ဝိုင်ပုလင်း ၃၀၀၀၀ ခန့် ခိုးယူခံရကြောင်း အောက်တိုဘာ ၉ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ခိုးယူခံရသည့် ဝိုင်အရက်ပုလင်း ၃၀၀၀၀ ခန့်ထဲတွင် အီတလီနိုင်ငံ၏ တန်ဖိုးအကြီးဆုံး ဝိုင်အရက်များလည်း ပါဝင်ကြောင်း တပ်ကာနီရဲတပ်ဖွဲ့က ပြောကြားထားသည်။

အဆိုပါခိုးမှုသည် အီတလီနိုင်ငံ၏ သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံး ဝိုင်အရက်ခိုးယူမှုဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သူခိုးများသည် ကုန်တင်ယာဉ်နှစ်စီးဖြင့် စက်ရုံအတွင်းသို့ မဝင်ရောက်မီ စက်ရုံ၏ သတိပေးစနစ်များနှင့် ထောက်လှမ်းရေးကင်မရာစနစ်များကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

ခိုးယူခံရသည့် ဝိုင်ပုလင်းများသည် လက်လီဈေးကွက်၌ တစ်ပုလင်းလျှင် ယူရိုငွေ ၁၅၀ နှင့် ၅၀၀ ကြားတန်ဖိုးဖြင့် ရောင်းချနေသော ဝိုင်ပုလင်းများဖြစ်သည်။

ဝိုင်ပုလင်းများ ခိုးယူခံရသည့် မာချီဆီအန်တီနိုရီ ဝိုင်အရက်ချက်လုပ်ငန်းသည် ၁၃၈၅ ခုနှစ်တွင် စတင်လုပ်ငန်းလည်ပတ်ခဲ့ပြီး အန်တီနိုရီ မျိုးဆက် ၂၆ ဆက်တို့က ဦးဆောင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## နိုင်ငံတကာရာဇဝတ်တရားရုံး(အိုင်စီစီ)ကို အရေးယူပိတ်ဆို့မှုများ အမေရိကန်အစိုးရ ပြုလုပ်

ဝါရှင်တန် အောက်တိုဘာ ၁၀

နိုင်ငံတကာ ရာဇဝတ်တရားရုံး (အိုင်စီစီ)ကို သမ္မတဒေါ်နယ်ထရမ့် ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့က အောက်တိုဘာ ၉ ရက်တွင် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။




အိုင်စီစီ တရားသူကြီးဟောင်း တောင်အာဖရိကအမျိုးသမီး နာဗီပီလေက ယခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ရရှိခဲ့ပြီးနောက် အမေရိကန်အစိုးရက အိုင်စီစီကို အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ခြင်းဖြစ်သည်။

အိုင်စီစီတရားရုံးကို အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ခြင်းကြောင့် အမေရိကန်နိုင်ငံနှင့် ဥရောပမဟာမိတ်များကြား သံတမန်ရေးအရ အချင်းများမှုများ ပေါ်ထွက်လာနိုင်သည်။

အမေရိကန်အစိုးရက အိုင်စီစီတရားရုံးကို အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့မှုသည် တရားဥပဒေစိုးမိုးမှု နိုင်ငံတကာဥပဒေများ၏ အခြေခံအုတ်မြစ်ကို စော်ကားမှုအဖြစ် အိုင်စီစီက ဝေဖန်ပြောကြားထားသည်။

သမ္မတဒေါ်နယ်ထရမ့်၏ အမေရိကန်အစိုးရသည် အိုင်စီစီတရားရုံးအပေါ် ယခင်ကပင်သဘောထားပြင်းထန်ခဲ့ပြီး အိုင်စီစီရှေ့နေများနှင့် တရားသူကြီးများကို အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ဖူးသည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် နိုင်ငံတကာ ရာဇဝတ်တရားရုံးကို အမေရိကန် နိုင်ငံသားများ တရားစွဲဆိုခွင့် လုံးဝပေးမည် မဟုတ်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# တောင်ကိုရီးယားအာကာသအေဂျင်စီက ၂၀၂၆ ခုနှစ်တွင် ပထမဆုံးအာကာသမစ်ရှင်အဖြစ် ဂြိုဟ်တု ၁၅ စင်းလွှတ်တင်



**ဆိုးလ် အောက်တိုဘာ ၁၀**

တောင်ကိုရီးယား အာကာသ အေဂျင်စီသည် ၂၀၂၆ ခုနှစ်၏ ပထမဆုံးအာကာသမစ်ရှင်အဖြစ် ဂြိုဟ်တု ၁၅ စင်းကို အောက်တိုဘာ ၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တု ၁၅ စင်းကို နူရီအမည်ရှိဒုံးပျံဖြင့် နာရိုဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း တောင်ကိုရီးယား အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လွှတ်တင်ပြီး မကြာမီမှာပင် နူရီဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တု ၁၅ စင်းလုံးကို သတ်မှတ် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါဂြိုဟ်တု ၁၅ စင်း အနက်ငါးစင်းမှာ တောင်ကိုရီးယား နိုင်ငံ၏ NEONSAT အမည်ရှိ မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော အငယ်စားဂြိုဟ်တုများဖြစ်သည်။

NEONSAT ဂြိုဟ်တုများသည် တစ်စင်းလျှင် ကီလိုဂရမ် ၁၀၀ ခန့် အလေးချိန်ရှိပြီး အရွယ်အစား တစ်မီတာရှိ အရာဝတ္ထုများကို အဖြူအမည်းဓာတ်ပုံများနှင့် ခွဲခြားဖော်ထုတ်ပေးနိုင်သော ကင်မရာစနစ်များတပ်ဆင်ထားသည်။

အဆိုပါ ဂြိုဟ်တုများသည် အမျိုးသားလုံခြုံရေးနှင့် သဘာဝကပ်ဘေးတုံ့ပြန်ရေးတို့အတွက် ကိုရီးယားကျွန်းဆွယ် ဒေသနှင့် ပတ်ဝန်းကျင် နယ်မြေများကို စောင့်ကြည့် မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# အမျိုးသမီးများက အမျိုးသားများထက် ကိုက်ခဲမှုဝေဒနာကို ပိုမိုခံစားရတတ်

**လန်ဒန် အောက်တိုဘာ ၁၀**

အမျိုးသမီးများအနေဖြင့် အမျိုးသားများထက် ပို၍နာကျင်ကိုက်ခဲမှုဝေဒနာကို ပိုမိုခံစားရတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ အောက်တိုဘာ ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံတို့မှ လူပေါင်းခြောက်သန်းကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ အမျိုးသမီးများ၏ နာကျင်ကိုက်ခဲမှုပြဿနာသည် အမျိုးသားများထက် ပိုကြီးမားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဦးခေါင်း၊ မျက်နှာ၊ လည်ပင်း၊ ပခုံး၊ ခြေထောက်၊ ခြေချင်းဝတ်၊ လက်၊ လက်ကောက်ဝတ်၊ တံတောင်ဆစ်၊ ရင်ဘတ်၊ နောက်ကျော၊ ဝမ်းဗိုက်၊ တင်ပဆုံနှင့် ဒူးခေါင်းစသည့်နေရာများ၌ အမျိုးသမီးများ၏ နာကျင်ကိုက်ခဲမှုမှာ အမျိုးသားများထက် ပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမျိုးသားနှင့် အမျိုးသမီးများအတွက် နာကျင်ကိုက်ခဲမှုပြဿနာသည် အသက် ၅၅ နှစ်မပြည့်မီ မြင့်တက်လာတတ်ပြီး အသက် ၇၅ နှစ်အရောက်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာတတ်ကြောင်း သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ သိရသည်။

Ref : Russia Today

Trs : KKO

# ဩစတြေးလျနှင့် တရုတ်သိပ္ပံပညာရှင်အဖွဲ့က ကမ္ဘာ့ပထမဆုံး နျူကလီးယားနာရီများကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့

**ဗီယင်နာ အောက်တိုဘာ ၁၀**

ဩစတြီးယားနှင့် တရုတ်သိပ္ပံပညာရှင်အဖွဲ့သည် ကမ္ဘာ့ပထမဆုံး နျူကလီးယားနာရီများကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါနျူကလီးယားနာရီများသည် ၁၉၄၉ ခုနှစ်တွင် စတင်ဖန်တီးခဲ့သည့် အဏုမြူနာရီများ၏ မျိုးဆက်သစ်များဖြစ်ကြပြီး အချိန်တိုင်းတာမှု စွမ်းဆောင်ရည်အရ အဏုမြူနာရီများကို သာလွန်နိုင်ကြောင်း သိရသည်။

သမားရိုးကျအဏုမြူနာရီများသည် အချိန်ကိုတိုင်းတာရာတွင် အက်တမ်တစ်လုံး၏ အီလက်ထရွန်အမှုန်များလှုပ်ရှားမှုကို အခြေခံသော်လည်း နျူကလီးယားနာရီများကမူ အက်တမ်တစ်လုံး၏ နျူကလီးယပ်ဝတ်ဆံကို အခြေခံကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ဩစတြီးယားနှင့် တရုတ်သိပ္ပံပညာရှင်များသည် ၎င်းတို့၏ နျူကလီးယားနာရီများကို သိုရီယမ်-၂၂၉ အမည်ရှိ နျူကလီးယားအိုင်ဆိုတုပ်တစ်မျိုးကို အခြေခံတည်ဆောက်ထားကြောင်း သိရသည်။

ပဏာမလေ့လာချက်များမှပေါ်ထွက်လာသည့် ရလဒ်များအရ တရုတ်သိပ္ပံပညာရှင်များ၏ နျူကလီးယားနာရီသည် အချိန်ကိုတိုင်းတာရာ၌ ဩစတြီးယားနျူကလီးယားနာရီထက် တည်ငြိမ်မှုခြောက်ဆခန့်ပိုကြောင်း သိရသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များသည် သမားရိုးကျအဏုမြူနာရီများထက် စွမ်းဆောင်ရည်ပိုမြင့်မားသော နျူကလီးယားနာရီများ တည်ဆောက်ရန် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ခန့်ကပင် ကြိုးစားခဲ့ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# ညဘက်အိပ်မရနိုင်မှုပြဿနာ ရှောင်ရှားရေး ကော်ဖီသောက်သင့်သည့်အချိန်ကာလကို ဆေးသိပ္ပံပညာရှင်များ ဖော်ထုတ်တင်ပြထား

**ကင်ဘာရာ အောက်တိုဘာ ၁၀**

ညဘက်အိပ်မရနိုင်မှုပြဿနာကို ရှောင်ရှားရေးအတွက် ကော်ဖီသောက်သုံးမှု ရပ်တန့်သင့်သည့် အချိန်ကာလကို ဆေးပညာရှင်များက ဖော်ထုတ်တင်ပြထားကြောင်း အောက်တိုဘာ ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩစတြေးလျ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ညပိုင်းကာလအိမ်မရနိုင်မှုပြဿနာကို ရှောင်ရှားရေးအတွက် အိပ်ရာမဝင်မီ အနည်းဆုံး ကိုးနာရီအလိုတွင် ကော်ဖီကို နောက်ဆုံးသောက်သုံးသင့်ကြောင်း သိရသည်။

ထို့ပြင် စွမ်းအင်မြှင့်တင်ရေးအတွက် ကဖင်းဓာတ်ထည့်သွင်းထားသည့်အားဖြည့်ဆေးများသုံးစွဲနေသော ကာယဗလလေ့ကျင့်သူများမှာ အိပ်ရာမဝင်မီ ၁၃ နာရီအလိုတွင် အဆိုပါအားဖြည့်ဆေးများကို နောက်ဆုံးထားသောက်သုံးသင့်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နေ့ပိုင်းကာလတွင် လူ့ကိုယ်ခန္ဓာအတွင်း သဘာဝအလျောက် စုစည်းလာတတ်သည့် Adenosine ဓာတုပစ္စည်းသည် အိပ်ရာဝင်ချိန်နီးကပ်လာချိန်တွင် အိပ်ချင်စိတ်ကို အားပေးတတ်သည့် ဓာတုပစ္စည်းဖြစ်ကြောင်း၊ Adenosine ဓာတုပစ္စည်းများ စုစည်းမှုရပ်တန့်သွားချိန်တွင် လူ့ကိုယ်ခန္ဓာမှာနိုးကြားလာတတ်ပြီး နှလုံးခုန်နှုန်းမြင့်တက်လာတတ်ရာ ကဖင်းဓာတ်ကြောင့် သွေးဖိအား မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO





# စပေ့အိတ်ကုမ္ပဏီက Starship ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် ပထမဆုံးလွှတ်တင်ရေးအတွက် ပြင်ဆင်နေ

**ဝါရှင်တန် အောက်တိုဘာ ၁၀**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် ပထမဆုံးလွှတ်တင်ရေးအတွက် ပြင်ဆင်နေကြောင်း အောက်တိုဘာ ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံကို ကနေဒီအာကာသစခန်း ပစ်စင်အမှတ် ၃၉ အေမှတစ်ဆင့် လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် လက်ရှိအချိန်ထိ Starship မစ်ရှင်ပေါင်း ၁၄ ခုထိ စမ်းသပ်လွှတ်တင်ထားပြီးဖြစ်ရာ ၎င်းမစ်ရှင်အားလုံးကို ဆောက်သ်တက္ကဆက်ဒေသ စတားဘေ့စ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံများကို ပစ်စင်အမှတ် ၃၉ အေမှတစ်ဆင့် လွှတ်တင်နိုင်ရေးအတွက် ၂၀၂၁ ခုနှစ်ကပင် စတင်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

Starship ဒုံးပျံသည် ကိုယ်ထည်အလျား ၄၀၈ ပေ(၁၂၄ မီတာ) ရှိရာ ၎င်းဒုံးပျံကို ပစ်စင်အမှတ် ၃၉ အေမှတစ်ဆင့် လွှတ်တင်နိုင်ရေးအတွက် အထူးတည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများလိုအပ်ကြောင်း စပေ့အိတ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

စပေ့အိတ်ကုမ္ပဏီသည် ၁၄ ကြိမ်မြောက် Starship ဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်မှုကို စက်တင်ဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့ရာ အောင်မြင်မှု ရရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# မြန်မာလက်ဝှေ့သမားအများစုက LFC အဖွဲ့ချုပ်နှင့် စာချုပ်များချုပ်ဆိုခဲ့ပြီးနောက် ပြိုင်ပွဲများတွင် ပါဝင်ထိုးသတ်မည်

ရန်ကုန် အောက်တိုဘာ ၁၀

Lethwei Fighting Championship (LFC)အဖွဲ့ချုပ်က မြန်မာနိုင်ငံတွင် LFC အမည်ဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကို ကျင်းပမည် ဖြစ်သည့်အတွက် လက်ရှိတွင် မြန်မာလက်ဝှေ့သမားအများစုကို ခေါ်ယူစာချုပ် ချုပ်ဆိုထားပြီး LFC ပြိုင်ပွဲများတွင် ဝင်ရောက် ထိုးသတ်မည်ဖြစ်ကြောင်းသိရသည်။

LFC အဖွဲ့ချုပ်က ၎င်းတို့ အဖွဲ့ချုပ်ကို တည်ထောင်ခဲ့ပြီးနောက် အာရှဒေသတွင်း ONE Championship အဖွဲ့ချုပ်နှင့်အပြိုင် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာလက်ဝှေ့သမားများဖြစ်သည့် သွေးလင်းထက်၊ အဓိဋ္ဌာန်မင်းနိုင်၊ အမျိုးသမီး လက်ဝှေ့သမားများဖြစ်သည့် နော်ဥမ္မာစိုး၊ မေသဇင်ထူးအစရှိသည့် လက်ဝှေ့သမားများက LFC အဖွဲ့ချုပ်နှင့် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

LFC အဖွဲ့ချုပ်က ပထမဆုံး ပြိုင်ပွဲအဖြစ် လာမည့်နိုဝင်ဘာ ၁၄ ရက်တွင် LFC1 အမည်ဖြင့် ရန်ကုန်မြို့တွင်ကျင်းပရန် စီစဉ်ထားပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာအမျိုးသမီး လက်ဝှေ့သမား မေသဇင်ထူးနှင့် ဗြိတိန်အမျိုးသမီးလက်ဝှေ့သမား အက်ရှ်ဖီးလ်တို့တွဲဆိုင်းကိုသာ ထုတ်ပြန်ထားပြီး အခြားတွဲဆိုင်းများကို ဆက်လက် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။ STA




# မြန်မာဖူဆယ်လိဂ် ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက မက်လာဒဲ့စီးတီးအသင်းနှင့် ယူနိုက်တက်စီးတီးအသင်းတို့ ကစားခဲ့ရာ ယူနိုက်တက်စီးတီး အသင်းက ကိုးဂိုး နှစ်ဂိုး၊ နံနက် ၁၀ နာရီက YRG FC အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ငါးဂိုး သုံးဂိုး၊ နံနက် ၁၁ နာရီခွဲက ပစိဖိတ်ဆန်းဖားအသင်းနှင့် ရှိုင်ရယ်နိုက်ကာအသင်းတို့ကစားခဲ့ရာ ပစိဖိတ်ဆန်းဖား အသင်းက ၁၂ ဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီက JV FC အသင်းနှင့် ရွှေပြည်သာ ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲက ULAD FC အသင်းနှင့် Gold Dream အသင်းတို့ကစားခဲ့ရာ Gold Dream အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ကာ ညနေ ၄နာရီက YCDC Dream Team အသင်းနှင့် Burmese Warrior အသင်းတို့ ကစားခဲ့ရာ YCDC Dream Team အသင်းက ၁၃ ဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။

မြန်မာဖူဆယ်လိဂ်ယူ-၁၉ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များအပြီးတွင် ပစိဖိတ်ဆန်းဖားအသင်းက ရမှတ် ၃၇ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေကြောင်း သိရသည်။ STA

# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)တွင် သစ္စာအားမာန်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကိုယ်စီအနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့တွင် ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကိုယ်စီ အနိုင်ရခဲ့ကြောင်းသိရသည်။



မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သိင်္ဟဒီပအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့်ရတနာပုံအက်ဖ်စီအသင်းတို့က စားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၂ မိနစ်နှင့် ၈၃ မိနစ်တွင် ဆွမ်လမန်က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက ပုသိမ်မြို့ကျောက်တိုင်အားကစားကွင်းတွင် ရေဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၅မိနစ်တွင် စောမျိုးဇော်၊ ပွဲချိန် ၄၆ မိနစ်တွင် ပြည့်စုံအောင်၊ ပွဲချိန် ၈၈ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်တို့က သွင်းယူခဲ့ပြီး ရေဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၇မိနစ်တွင် သုရမင်းသန့်က သွင်းယူခဲ့သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်းသိရသည်။ STA

# ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီရော်နယ်ဒိုကို ပွဲပယ်ပြစ်ဒဏ်ချမှတ်မည်

လစ္စဘွန်း အောက်တိုဘာ ၁၀

ပေါ်တူဂီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အသင်းခေါင်းဆောင် စီရော်နယ်ဒိုကို အသင်းလေ့ကျင့်ရေး အစီအစဉ်မှ ခွင့်ပြုချက်မရရှိဘဲ နုတ်ထွက်ခဲ့သည့်အတွက် ပွဲပယ်ပြစ်ဒဏ် ချမှတ်မည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲဝင် ပေါ်တူဂီအသင်းကစားသမား စာရင်းတွင် ပါဝင်ခဲ့သော်လည်း နည်းပြဂျီးဆပ်နှင့် ဆက်ဆံရေးတင်းမာမှုများကြောင့်အဖွဲ့ချုပ်၏ ခွင့်ပြုချက်မရရှိဘဲ လေ့ကျင့်ရေးအစီအစဉ်မှ နုတ်ထွက်ခဲ့သည့်အတွက် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်သည်။

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်၏စည်းမျဉ်းအရကစားသမားတစ်ဦး အနေဖြင့် အသင်းလေ့ကျင့်ရေး အစီအစဉ်မှအဖွဲ့ချုပ်၏ခွင့်ပြုချက်မရရှိဘဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ထွက်ခွာမည်ဆိုပါက အနည်းဆုံး တစ်လမှ အများဆုံးခြောက်လ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်ဟု သတ်မှတ် ထားသည့်အတွက် ပေါ်တူဂီနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက စီရော်နယ်ဒိုကို ပွဲပယ်ပြစ်ဒဏ် ချမှတ်မည်ဖြစ်ပြီး ပြစ်ဒဏ်ကာလကို ဆက်လက်ထုတ်ပြန်မည် ဖြစ်သည်။

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက စီရော်နယ်ဒို၏ အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်း အတွက်အဖွဲ့ချုပ်ထံ အကြောင်းပြန်မှုများကို စောင့်ကြည့်ကာ ပြစ်ဒဏ်ကာလကို ဆုံးဖြတ်မည်ဖြစ်ပြီး ၎င်းကို စည်းမျဉ်းအရ ပွဲပယ်ပြစ်ဒဏ်ချမှတ်မည်ဖြစ်သော်လည်း သီးခြားအခွင့်အရေးအဖြစ် ပွဲပယ်ပြစ်ဒဏ်ကို ဆိုင်းငံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ရုရှားဖိုက်တာ ချီမေ့ဗ်က UFC မစ်ဒယ်ဝိတ်တန်းတွင် တစ်နိုင်ငံတည်းသား အီမာဇော့နှင့်ထိုးသတ်ရန် အဖွဲ့ချုပ်ထံတောင်းဆို

ဝါရှင်တန် အောက်တိုဘာ ၁၀

ရုရှားဖိုက်တာချီမေ့ဗ်က UFC မစ်ဒယ်ဝိတ်တန်းတွင် လက်ရှိ ချန်ပီယံ အမေရိကန်ဖိုက်တာ စထရစ်လန်းနှင့် ရုရှားဖိုက်တာ အီမာဇော့တို့ ထိုးသတ်ခြင်း မရှိပါက မိမိအနေဖြင့် အီမာဇော့နှင့် ထိုးသတ်လိုသည်ဟု UFC အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေနာဝိုက်ထံ တောင်းဆိုမှုများ လုပ်ဆောင်ခဲ့ကြောင်း MMA Tales သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



စထရစ်လန်းသည် UFC မစ်ဒယ်ဝိတ်တန်းတွင် လက်ရှိ ချန်ပီယံအဖြစ် ရပ်တည်နေသော်လည်းချန်ပီယံခါးပတ်ကို စွန့်လွှတ်ပြီး UFC လိုက်ဟဲဗီးဝိတ်တန်းသို့ ရွှေ့ပြောင်းကာ ထိုးသတ်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် UFC အဖွဲ့ချုပ်က စထရစ်လန်း၏ UFC မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် အီမာဇော့နှင့်ထိုးသတ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်နေသော်လည်း ညှိနှိုင်းမှု အဆင်မပြေဖြစ်နေပြီး ကြန့်ကြာနေသည့်အတွက် ချီမေ့ဗ်က ကြားဝင်ထိုးသတ်ခွင့်ရရှိရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စထရစ်လန်းက UFC လိုက်ဟဲဗီးဝိတ်တန်းသို့ ရွှေ့ပြောင်း ထိုးသတ်ရန် စီစဉ်နေသော်လည်း UFC မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်ကြောင်း အတည်ပြုထားခြင်း မရှိသေးဘဲ ချန်ပီယံခါးပတ်ကို စွန့်လွှတ်မည်ဆိုပါက ချီမေ့ဗ်နှင့် အီမာဇော့တို့ အနေဖြင့် UFC မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲစဉ်အဖြစ် ထိုးသတ်ရဖွယ်ရှိနေသည်။

ချီမေ့ဗ်သည် နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် မေ ၉ ရက်က စထရစ်လန်းနှင့် ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : MMA Tales
Trs : STA

# ကင်ညာနိုင်ငံ မိုးခေါင်မှုတိုက်ဖျက်ရေးစီမံချက်များအတွက် တရုတ်နိုင်ငံက ကန်ဒေါ်လာ နှစ်သန်းကူညီပံ့ပိုးရန် သဘောတူညီချက်လက်မှတ်ရေးထိုး



**နိုင်ရိုဘီ အောက်တိုဘာ ၁၀**

ကင်ညာနိုင်ငံ မိုးခေါင်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို စီမံချက်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပြီး ၎င်းစီမံချက်များအတွက် ဘဏ္ဍာရေးလိုအပ်ချက်များ ရှိနေသည့်အတွက် တရုတ်အစိုးရက အမေရိကန်ဒေါ်လာ နှစ်သန်းကူညီ ပံ့ပိုးပေးရန် အောက်တိုဘာ ၉ ရက်က နှစ်နိုင်ငံကြား သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုတိုက်ဖျက်ရေးအပြင် မိုးခေါင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးလုံခြုံမှုနှင့် ပတ်သက်၍လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကင်ညာအစိုးရက ထုတ်ပြန်ခဲ့သည်။

"ကင်ညာနိုင်ငံမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်မှုပြဿနာနဲ့ ကာလရှည်ရင်ဆိုင်နေရပါတယ်။ မိုးခေါင်မှုကို တိုက်ဖျက်ဖို့အတွက် ကင်ညာအစိုးရအနေနဲ့ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေတယ်လို့ သိရတဲ့အတွက် တရုတ်အစိုးရအနေနဲ့ စီမံချက်တွေအတွက် အမေရိကန်ဒေါ်လာ နှစ်သန်း ပံ့ပိုးဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ကင်ညာအစိုးရကလဲ ကမ်းလှမ်းမှုကို လက်ခံတဲ့အတွက် နှစ်နိုင်ငံကြား သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုခဲ့ပါတယ်။ မိုးခေါင်မှုတိုက်ဖျက်ရေးစီမံချက်သာမက မိုးခေါင်မှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ကျန်းမာရေး လုံခြုံမှုအတွက်လဲ ကင်ညာအစိုးရအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေတာ သိရပါတယ်"ဟု ကင်ညာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဂျပန်နိုင်ငံ ကူမာမိုတိုဒေသတွင် ငလျင်ကြောင့်ပျက်စီးခဲ့သော နေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးဖြစ်

**တိုကျို အောက်တိုဘာ ၁၀**

ဂျပန်နိုင်ငံ ကူမာမိုတိုဒေသတွင် ဇူလိုင်လက ဖြစ်ပေါ်ခဲ့သော ငလျင်ကြောင့် ပျက်စီးခဲ့သော နေအိမ်များနှင့် အခြေခံအဆောက်အအုံများကို ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရထားလမ်းပျက်စီးမှုကို ပြန်လည်ပြုပြင်ရာတွင် ရက်ပေါင်း ၇၄ ရက်ထိ ကြာမြင့်ခဲ့ပြီး အန္တရာယ်ကင်းစွာဖြင့် မီးရထားခရီးစဉ်များကို ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် အချိန်ယူ၍ ပြန်လည်ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဇူလိုင်လက ကူမာမိုတိုမှာ အားပြင်းတဲ့ ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ ငလျင်ကြောင့် လူနေအိမ်တွေနဲ့ အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့တယ်။ လူနေအိမ်နဲ့ အခြေခံအဆောက်အအုံတွေကို ပြန်လည်ပြုပြင်မှု ပြီးစီးပြီဖြစ်ပါတယ်။ ဒါကြောင့် ခရီးသွားပြည်သူတွေ ဘေးကင်းစွာနဲ့ ခရီးသွားနိုင်ဖို့အတွက် ယုံကြည်စိတ်ချရလောက်တဲ့ထိ ရထားလမ်းတွေကို စစ်ဆေးပြီး ဒီနေ့ကနေစတင်ပြီး ကျူရှူ ရထားခရီးစဉ်ကို ပြန်လည်ပြေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ကျူရှူ ရထားခရီးစဉ်ကို ပုံမှန်အတိုင်း စီးနင်းနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်"ဟု ဂျပန်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ပနားမားနိုင်ငံတွင် ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လူနေအိမ်နှင့်အခြေခံအဆောက်အအုံများ ပျက်စီးခဲ့

**ပနားမားစီးတီး အောက်တိုဘာ ၁၀**

ပနားမားနိုင်ငံ တောင်ပိုင်းတွင် အောက်တိုဘာ ၉ ရက်က ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ပြီး လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံပိုင် ဘူမိဗေဒလေ့လာရေးဌာန၏ ထုတ်ပြန်ချက်အရ အဆိုပါ ငလျင်သည် မြေအောက်အနက် ၁၂ ဒသမ ၆ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြို့တော် ပနားမားစီးတီး၏ တောင်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်အားပြင်းငလျင်လှုပ်ခတ်အပြီးတွင် နောက်ဆက်တွဲငလျင်ငယ်များ ဆက်လက်လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်ကြောင့် မြို့တော် ပနားမားစီးတီးအနီး ဒေသများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး တိုခုမင်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ အောက်တိုဘာ ၉ ရက်က လေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေပြီး ငလျင်ကြောင့် ထိခိုက်သေဆုံးသူများ ရှိနိုင်သော်လည်း လက်ရှိအချိန်ထိ သေဆုံးသူများ၏ ရုပ်အလောင်းများကို မတွေ့ရသေးကြောင်း သိရသည်။




ယနေ့တွင် ပနားမား တူးမြောင်း အာဏာပိုင်များက တူးမြောင်း၏ လုပ်ငန်းဆောင်ရွက်မှုများ ပုံမှန်လည်ပတ်နေကြောင်း အတည်ပြုခဲ့ပြီး လေဆိပ်တွင်လည်း ဘေးကင်းလုံခြုံရေးစစ်ဆေးမှုများပြုလုပ်ပြီးနောက် လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲခဲ့ကြောင်း သိရသည်။

သို့သော် နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများကို ဒေသခံများအနေဖြင့် သတိပြုကြရန်နှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို သက်ဆိုင်ရာ အာဏာပိုင်များက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး မြေပြိုမှုအန္တရာယ်မြင့်တက်နေ

**ဟန္နိုင်း အောက်တိုဘာ ၁၀**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး မြေသားများအိကာ ကမ်းပါးနှင့် တောင်တန်းဒေသများတွင် မြေပြိုမှုအန္တရာယ် မြင့်တက်နေကြောင်း မိုးလေဝသဌာန၏ ယနေ့ ထုတ်ပြန်ချက်များအရ သိရသည်။

အောက်တိုဘာ ၈ ရက်မှစ၍ ယနေ့ထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သမိုင်းဝင်မြို့တော်ဟောင်း ဟွေးမြို့တွင် သုံးရက်အတွင်း မိုးရေချိန် မီလီမီတာ ၈၀၀ ကျော်ထိ ရောက်ရှိခဲ့ပြီး ကမ်းရိုးတန်းမြို့ဖြစ်သော ဒါနန်းမြို့တွင်လည်း လမ်းများနှင့် လူနေရပ်ကွက်များ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံအလယ်ပိုင်းရှိ အချို့ဒေသများမှ ဒေသခံများကို မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ လက်ရှိ ဒါနန်းမြို့တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် တပ်မတော်သားအင်အား ၁၃၀ ကျော် ဖြန့်ကြက်ထားပြီး ရေကြီးရေလျှံမှု အခြေအနေ ပိုမိုဆိုးရွားလာပါက အသုံးပြုနိုင်ရန် ရေလမ်းနှင့်ကုန်းလမ်း နှစ်မျိုးစလုံးတွင် သွားလာနိုင်သည့် သံချပ်ကာ ယာဉ်များကိုလည်း အသင့် ပြင်ဆင်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ



# အီတလီနိုင်ငံ စစ္စလီကျွန်းတွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ပြီး အဆောက်အအုံများပျက်စီး

**ရောမ အောက်တိုဘာ ၁၀**

အီတလီနိုင်ငံ စစ္စလီကျွန်းတွင် အားကောင်းသည့် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း အီတလီအရေးပေါ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းသည် စစ္စလီကျွန်း မာဆာလာမြို့ကို ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လူနေအိမ်များနှင့် စာသင်ကျောင်းတချို့ ပျက်စီးခဲ့ကြောင်း၊ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်လေ့မရှိသော ဧရိယာတွင် ဝင်ရောက် တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းတချို့ ပျက်စီးခဲ့ခြင်းကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားရပြီး ကျောင်းပြန်ဖွင့်လှစ်နိုင်ရေးအတွက် စာသင်ကျောင်းများကို ဦးစားပေး၍ ပြန်လည်ပြင်ဆင်ပေးနေကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"စစ္စလီကျွန်းမှာ အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် လူနေအိမ်တွေနဲ့ စာသင်ကျောင်းတချို့ ပျက်စီးခဲ့ပါတယ်။ အားကောင်းတဲ့အတွက် ပျက်စီးမှုကတော့ များပါတယ်။ ဒေသခံနှစ်ယောက်ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ လိုအပ်တဲ့ဆေးကုသမှုတွေပြုလုပ်ပေးနေပါတယ်။ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်လေ့မရှိတဲ့ဒေသမှာ ဝင်ရောက်တိုက်ခတ်ခဲ့တာဟာ ရာသီဥတုဖောက်ပြန်မှုနဲ့ ဆက်စပ်နေပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကိုစီနာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် MFVP ဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဦးပြည့်သာစံတို့၏ ခေတ်မီဆန်းသစ်သော Multi-route ပို့ကုန်ထောက်ပံ့ပို့ဆောင်ရေးနှင့် အရည်အသွေးစံချိန်စံညွှန်းများမှတစ်ဆင့် မြန်မာ့သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့ထုတ်ကုန်တိုးတက်ရေးစာတမ်း ကောက်နုတ်ချက်

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားအသားတင်ထုတ်ကုန်(GDP) ၏ ၃၈ ရာခိုင်နှုန်းခန့်ကို အဓိကထောက်ပံ့ပေးနေပြီး စုစုပေါင်း လုပ်သားအင်အား၏ ၇၀ ရာခိုင်နှုန်းခန့်ကို အလုပ်အကိုင်ဖန်တီးပေးထားသည့် စီးပွားရေး မဏ္ဍိုင်ကြီးဖြစ်သည်။ ယင်းအနက် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် (Horticulture) ကဏ္ဍသည်စိုက်ပျိုးမြေဧရိယာအကန့်အသတ်အတွင်းမှပင် တန်ဖိုးမြင့်ပို့ကုန် (High-value Exports) များကို ထုတ်လုပ်ပေးနိုင်သည့် မဟာဗျူဟာမြောက်ကဏ္ဍ ဖြစ်သည်။

သို့သော် လွန်ခဲ့သောကာလများအတွင်း မြန်မာ့ သစ်သီးဝလံ ပို့ကုန်များသည် နယ်စပ်ထွက်ပေါက် လေလံစနစ်တစ်ခုတည်း (Single-border Auction Dependency) အပေါ် လွန်စွာမှီခိုခဲ့ရခြင်းကြောင့် လမ်းကြောင်းပိတ်ဆို့မှုများ၊ ဈေးကွက်မတည်ငြိမ်မှုများနှင့် ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု (Post-harvest Losses) များကို ရင်ဆိုင်ခဲ့ရသည်။

ယခုစာတမ်းသည် သစ်သီးဝလံအသင်းအနေဖြင့် သမားရိုးကျနယ်စပ်ကုန်သွယ်ရေးစနစ်မှ လွတ်မြောက်ကာ Multi-route Transport Corridors (ပင်လယ်ရေကြောင်းနှင့် တိုက်ရိုက်လမ်းကြောင်းများ) သို့ ကူးပြောင်းခြင်း၊ GAP / SPS စံချိန်စံညွှန်းများ မြှင့်တင်ခြင်းနှင့် ကျေးလက်ဒေသအစုအဖွဲ့များ၏ တန်ဖိုးမြှင့်ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်ပေးခြင်းတို့ဖြင့် နိုင်ငံတော်၏ အသားတင်ထုတ်ကုန် (National Output Growth) ကို မည်သို့ အရှိန်အဟုန်မြှင့်တင်မည်ကို အဆိုပြုခြင်းဖြစ်သည်။

## အဓိကမဟာဗျူဟာ မဏ္ဍိုင် (၄) ရပ်

### မဏ္ဍိုင် (၁) - နယ်စပ်လေလံစနစ်မှ Multi-route လမ်းကြောင်းများသို့ ကူးပြောင်းခြင်း

**နယ်စပ်ကုန်သွယ်ရေးအား Backup ပြုလုပ်ခြင်း။** ။ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်များမှတင်ပို့ခြင်းအပြင် ပုံမှန်တင်ပို့နိုင်ရန် လိုအပ်သော SPS Measures များကို ကြိုတင်ဆောင်ရွက်ထားခြင်း၊ နှစ်နိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာများအတွက် လိုအပ်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ သဘောတူညီချက်များ ရယူထားခြင်း၊

**ရေကြောင်း၊ လေကြောင်းနှင့် တိုက်ရိုက်ကုန်သွယ်ရေးတိုးချဲ့ခြင်း။** ။ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပဈေးကွက်များသို့ ပင်လယ်ရေကြောင်း အအေးပေးကွင်းဆက် (Direct Sea-freight & Cold-chain Logistics) မှတစ်ဆင့် တိုက်ရိုက်တင်ပို့ရေး၊

#### သီးနှံအလိုက် အထူးပြုပို့ကုန်စီမံကိန်းများ

**စိန်တလုံးသရက်** ။ "မြန်မာစိန်တလုံးသရက်" အား အမျိုးသားအဆင့်အမှတ်တံဆိပ် သတ်မှတ်၍ စိုက်ပျိုးမြေဧက ၃၀၀၀၀ အထိ စနစ်တကျအစုအဖွဲ့ပြန်လည်ဖွဲ့စည်းထားသော စိုက်ခင်းများမှတစ်ဆင့် တစ်နှစ်လျှင် အနည်းဆုံးပို့ကုန်မက်ထရစ်တန် ၆၀၀၀၀ အထိ နိုင်ငံတကာအရည်အသွေးစံနှုန်းဖြင့် တိုက်ရိုက်တင်ပို့ရန်၊ **(ဥပမာ - One Diamond Branding)**

**ထောပတ်သီး။** ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးထားသော ထောပတ်သီးများ (ဥပမာ- Hass, Amra, Buccaneer စသည်) ကို ရေကြောင်းအအေးခန်းကွန်တိန်နာများဖြင့် နိုင်ငံတကာဈေးကွက်သို့ ခြောက်လထက်မနည်း ပုံမှန်တင်ပို့နိုင်ရေးဆောင်ရွက်ရန်၊ ဗီယက်နမ်ကိုယ်ပိုင်ထောပတ်မျိုး (034)၊ ထိုင်းကိုယ်ပိုင်ထောပတ်မျိုး (ဘာကေးနီယား) ကဲ့သို့ မြန်မာကိုယ်ပိုင်ထောပတ်မျိုး (အမရာ) လို မျိုးကောင်းမျိုးသန့်တစ်မျိုးကို ဒေသနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းရှိသော မျိုးကို သုတေသနပြုလုပ်ဖော်ထုတ်၍ ပြန့်ပွားစေကာ မြန်မာထောပတ်သီးကို အမျိုးသားအဆင့် ထုတ်ကုန်တစ်ခုဖြစ်လာစေရန်၊

**အခြားသီးနှံများ။** ငှက်ပျော၊ ပင်မှည့်၊ ဝဥ၊ ကန်စွန်းဥ အစရှိသဖြင့် နိုင်ငံတော်ထုတ်ကုန်လည်း ဖြစ်လာနိုင်ပြီး အာဟာရပြည့်ဝ၍ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုသော သီးနှံတစ်မည်ချင်းအလိုက် ဗျူဟာများ ဖော်ထုတ်သုံးသပ်ဆောင်ရွက်ရန်။

### မဏ္ဍိုင် (၂) - အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော သစ်သီးဝလံများ ထုတ်လုပ်မှုတိုးမြှင့်ရေး

**Good Agricultural Practices (GAP) ချဲ့ထွင်ခြင်း။** ။ နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော အပင်သန့်ရှင်းရေးနှင့် ပိုးမွှားကင်းစင်ရေး (SPS Certificate) များရရှိစေရန် GAP စိုက်ပျိုးမှုစနစ်ကို တောင်သူအဆင့်အထိ အရှိန်အဟုန်မြှင့် ထူထောင်ခြင်း၊

**Good Manufacturing Practices (GMP) / HACCP အသိအမှတ်ပြုလက်မှတ်များ ရရှိစေခြင်း။** ။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ခူးဆွတ်၊ ထိန်းသိမ်းကိုင်တွယ်၊ ထုပ်ပိုးသိုလှောင်ဖြန့်ချိရောင်းချရာတွင် နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော အပင်သန့်ရှင်းရေးနှင့် ပိုးမွှားကင်းစင်ရေး (SPS Certificate) များ ရရှိစေရန် ထုပ်ပိုးရုံများ၊ သိုလှောင်ရုံများအား GMP/HACCP စနစ်ကို ကုန်သည်၊ ပွဲစား၊ တောင်သူအဆင့်အထိ အရှိန်အဟုန်မြှင့် ထူထောင်ခြင်း၊

**မူရင်းဒေသ ခြေရာခံနိုင်မှု။** ။ သီးနှံတစ်ခုချင်း၏ စိုက်ပျိုးသည့်ဒေသ၊ ခူးဆွတ်ချိန်နှင့် အချက်အလက်များကို Crop Data Sheet / QR Code တင်ပြနိုင်သည့် စနစ်ကျသော Traceability စနစ်အား ကျင့်သုံးခြင်း၊ တောင်သူများ အလွယ်တကူ စက်ပစ္စည်းနှင့် နည်းပညာသုံးစွဲနိုင်ရန် ရုပ်ပုံ/စာသား ယှဉ်တွဲပါဝင်သည့် လမ်းညွှန်ချက်များ (Visual Illustrations) အသုံးပြုခြင်း။

### မဏ္ဍိုင် (၃) - ကျေးလက်တောင်သူအစုအဖွဲ့များ၊ ဒေသခံတောင်သူများ၏ တန်ဖိုးမြှင့်သဘာဝထုတ်ကုန်များမှတစ်ဆင့် နိုင်ငံ့ထုတ်ကုန်တိုးမြှင့်ရေး

**တိုင်းရင်းသား ဒေသခံတောင်သူအစုအဖွဲ့များ။** တောင်တန်းဒေသများရှိ တောင်သူများက သဘာဝအတိုင်း စိုက်ပျိုးထားသော သီးနှံများ (ဥပမာ- ကယန်းဒေသထွက် ငရုတ်သီး၊ နနွင်း၊ မက်ခါစေ့ စသည်) ကို Htubyanbi ထူဗျန်းဘီး (ငှက်မင်းသား) ကဲ့သို့ ဒေသခံအမှတ်တံဆိပ်များဖြင့် စနစ်တကျ ပြုပြင်ထုပ်ပိုး၍ ပို့ကုန်အဖြစ် ပြောင်းလဲခြင်း၊ ချင်းပြည်နယ်မှထွက်ရှိသော ဝဥကို Vakok (ဝကောက်)(အောက်ချင်းငှက်)ကဲ့သို့ ဒေသခံအမှတ်တံဆိပ်ဖြင့် စနစ်တကျပြုပြင်ထုပ်ပိုး၍ ပို့ကုန်အဖြစ် ပြောင်းလဲခြင်း၊ ၎င်းတို့နှင့်လျော်ညီသည့် စီးပွားရေးအဖွဲ့အစည်း(သမဝါယမ သို့မဟုတ် အစုအဖွဲ့ ကုမ္ပဏီများ) ဖွဲ့စည်းပေးပြီး အခွန်အခလျှော့ပေးသက်သာစေသည့် မက်လုံးများပေးခြင်း၊ စီးပွားရေးစွမ်းဆောင်ရည် မြင့်တက်လာရန် သင်ကြားပေးခြင်း၊ အမျိုးသမီးဦးဆောင်သော စိုက်ပျိုးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးခြင်း၊

**သီးနှံအလိုက် အစုအဖွဲ့များ ပြန်လည်အားကောင်းလာစေခြင်း။** ။ သရက်၊ ဖရဲ၊ သခွားမွှေး၊ ငှက်ပျော၊ ထောပတ်၊ နာနတ် အစရှိသဖြင့် သီးနှံအစုအဖွဲ့များအဖွဲ့ ၃၀ ကျော် ဖွဲ့စည်းထားသော်လည်း ပြန်လည်ဖွဲ့စည်းရန်လိုအပ်နေပြီး ၎င်းတို့ရှင်သန်ရေးအတွက် စီးပွားရေးပုံစံ လည်ပတ်ရန် လိုအပ်နေပါသည်။ မူဝါဒများ၊ အမတော်ကြေးများ၊ အထောက်အပံ့များ လိုအပ်နေပါသည်။

**ကုန်သည်အဖွဲ့များ၊ ကုန်စည်ဒိုင်များ ပြန်လည်အားကောင်းစေခြင်း။** ။ မူဆယ် သစ်သီးဝလံကုန်စည်ဒိုင်ကဲ့သို့ သစ်သီးဝလံကုန်စည်ဒိုင်များ ပြန်လည်အားကောင်းလာပြီး သစ်သီးဝလံ ကုန်စည်ဒိုင်များ ပြန်လည်ချိတ်ဆက်ရန် လိုအပ်ပါသည်။ အောင်ပန်းကုန်စည်ဒိုင်၊ တောင်ငူကုန်စည်ဒိုင်၊ တာချီလိတ်ကုန်စည်ဒိုင် အစရှိသဖြင့် သစ်သီးဝလံကုန်စည်ဒိုင်များ အားကောင်းလာပြီး နေ့စဉ်ဈေးကွက်ပေါက်ဈေးများ အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးမည့် Digital Information Clearing-house စနစ်ထူထောင်၍ အငြင်းပွားမှုများကို ကောင်းစွာ ထိန်းသိမ်းကိုင်တွယ်ရန် လိုအပ်ပါသည်။

**ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုလျှော့ချခြင်း။** ။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်သည် အလွယ်တကူ ပုပ်သိုးလွယ်သော ဆုံးရှုံးမှုများသည့် ကုန်စည်ဖြစ်သဖြင့် **အခြောက်ခံခြင်း၊ အနှစ်တိုက်ခြင်း၊ အေးခဲခြင်း၊ အချဉ်တည်ခြင်း** အစရှိသော Processing လုပ်ငန်းလေးမျိုးအနက် တစ်မျိုးမျိုးကို မဖြစ်မနေဆောင်ရွက်ကြရပါသည်။ အလွယ်တကူ ပုပ်သိုးလွယ်သော သစ်သီးဝလံများကို မိုဘိုင်းအခြောက်ခံရုံများ (Solar Dome Dryers) နှင့် အနှစ်ပြုပြင်ခြင်းများ ကျင့်သုံးခြင်း၊ နည်းပညာ၊ အသေးစားချေးငွေ သို့မဟုတ် Matching Grant အစီအစဉ်များ ဖန်တီးပေးခြင်းဖြင့် စိုက်ပျိုးမြေထပ်မံတိုးချဲ့စရာမလိုဘဲ အသားတင်ပို့ကုန်တန်ဖိုးကို မြှင့်တင်ခြင်း။

### မဏ္ဍိုင် (၄) - ဈေးကွက်သစ်ဖော်ဆောင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု

China-ASEAN Business Council (CABC)၊ Asia Fruit Logistica ကဲ့သို့သော နိုင်ငံတကာစီးပွားရေးပလက်ဖောင်းများနှင့်ချိတ်ဆက်၍ Myanmar Produce များကို စီးပွားရေးတွေ့ဆုံပွဲများ (Business Matchmaking) တွင် ပုံမှန်မိတ်ဆက်ခြင်း၊ Global Ethical Sourcing နှင့် ESG ဈေးကွက်များသို့ တိုက်ရိုက်ချိတ်ဆက်ပေးခြင်း။

## (၂၀၂၆ - ၂၀၃၀) ငါးနှစ်တာ မြန်မာ့သစ်သီးဝလံ ပို့ကုန်ဖွံ့ဖြိုးရေး လမ်းပြမြေပုံ

| ခုနှစ် | အဆင့် (Phase) | အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များ |
|---|---|---|
| ၂၀၂၆ | **Phase 1: အစုအဖွဲ့များ ပြန်လည် အားကောင်းစေခြင်းနှင့် အခြေခံအဆောက်အအုံ/ စံချိန်စံညွှန်းညှိနှိုင်းရေး** | စိန်တလုံးသရက် ဧက ၃၀၀၀၀ စိုက်ပျိုးထုတ်လုပ်မှုဇုန်များတွင် GAP၊ Visual-guided Traceability စနစ်များ စတင်တည်ဆောက်ခြင်း၊ အမျိုးသားအဆင့်အမှတ်တံဆိပ်ပြုလုပ်ရန် ပြင်ဆင်ခြင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ထောပတ်သီးစိုက်ပျိုးသူများအား Global GAP ထောက်ခံချက် ပိုမိုရရှိအောင် အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များ ကူညီပေးခြင်း၊ ထုပ်ပိုးရုံများအား GMP/HACCP လက်မှတ်ရရှိအောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ Public-Private Dialogue (PPD) Task Force ဖွဲ့စည်းကာ Digital Phytosanitary (SPS) စနစ် မြန်ဆန်စေရန် ပေါင်းစပ်ခြင်း၊ ထောပတ်သီးအား တရုတ် GACC နှင့် ထိုင်း SPS ရရှိရန်ဆောင်ရွက်ခြင်း |
| ၂၀၂၇ | **Phase 2: Multi-route ပို့ကုန်လမ်းကြောင်းများ စတင်ကျင့်သုံးခြင်း** | နယ်စပ်လမ်းကြောင်းတစ်ခုတည်း မှီခိုမှုကို ၃၀% အထိ လျှော့ချပြီး ရေကြောင်း/တိုက်ရိုက်လမ်းကြောင်းများတိုးချဲ့ခြင်း၊ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် စင်ကာပူ၊ မလေးရှား၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပသို့ Direct Sea-Freight Cold-chain လမ်းကြောင်းများ စတင်ပြေးဆွဲတင်ပို့နိုင်ရန် MFVP အသင်းနှင့် MIFFA အသင်းတို့ စတင်ပူးပေါင်းဆောင်ရွက်ခြင်း၊ စိန်တလုံးသရက် မက်ထရစ် တန် ၅၀၀ ထက်မနည်းကို ရေကြောင်းလိုင်းများဖြင့် တိုက်ရိုက်တင်ပို့ခြင်း၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ (China GAP, ASEAN GAP, EU Standards) ကို ညှိနှိုင်းပေါင်းစပ်ခြင်း |
| ၂၀၂၈ | **Phase 3: ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် တန်ဖိုးမြှင့်ကဏ္ဍ** | ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုကို ၄၀% မှ ၁၅% အထိ လျှော့ချခြင်း၊ သစ်သီးဝလံဇုန်များတွင် မိုဘိုင်းအအေးခန်းစက်ရုံများ၊ Solar Dome အခြောက်ခံရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များနှင့် Processing လုပ်ငန်း လေးမျိုးအတွက် Matching Grant/Microfinance အစီအစဉ်များ ဖန်တီးပေးခြင်း၊ ဒေသထွက် သဘာဝထုတ်ကုန်များကို တန်ဖိုးမြှင့်ပြုပြင်ထားသော စားသောက်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေးစက်ရုံများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို ချိတ်ဆက်ပေးခြင်း၊ စွန့်ပစ်ပစ္စည်းမှ မှိုနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး တစ်တွဲတည်းဆောင်ရွက်ခြင်း |
| ၂၀၂၉ | **Phase 4: ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်သစ် ထိုးဖောက်ရေး** | "Myanmar Produce / Proud Brand of Myanmar" အမှတ်တံဆိပ် ဗျူဟာသေချာရေးဆွဲ၍ နိုင်ငံတကာ စင်တင်ဈေးကွက်များသို့ ထိုးဖောက်ခြင်း၊ Asia Fruit Logistical ThaiFexi CABC Matching Event များတွင် မြန်မာ့သစ်သီးဝလံနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို သီးသန့်ပြခန်းများ (National Pavilion) ဖြင့် ပြသခြင်း၊ ဒေသအခြေပြု စိုက်ပျိုးသူများ၊ တိုင်းရင်းသားများနှင့် အမျိုးသမီးဦးဆောင်သော စိုက်ပျိုးရေးလုပ်ငန်းများကို Global Ethical Sourcing ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း |

စာမျက်နှာ ၁၁ သို့

# ရွှေတိဂုံစေတီတော်တွင် သီတင်းကျွတ်လပြည့်နေ့အကြိုအဖိတ်နေ့တွင် ဆီမီးလှည့်လည်ပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာအခါတော်နေ့ကို ကျင်းပသွားမည်



ယခင်နှစ်က ရွှေတိဂုံစေတီတော် ဆီမီးလှည့်လည်ပူဇော်ပွဲကို တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် သီတင်းကျွတ် လပြည့်နေ့အကြို အဖိတ်နေ့တွင် ဆီမီးလှည့်လည် ပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့် နေ့တွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ကျင်းပသွားမည် ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ထံမှ သိရသည်။

အဆိုပါ သီတင်းကျွတ်လပြည့် နေ့အကြိုအဖိတ်နေ့ ဆီမီးလှည့် လည် ပူဇော်ပွဲအခမ်းအနားတွင် မီးစေတီများဖြင့် ရင်ပြင်တော် တစ်ပတ် လှည့်လည်အပူဇော်ခံ ခြင်းအပြင် ရင်ပြင်တော်တစ်ခုလုံး တွင်လည်း ဆီမီး ၁၀၀၀၀ ပူဇော်ပွဲ ကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့် အကြို နေ့ဖြစ်တဲ့ အဖိတ်နေ့ အောက်တို ဘာ ၂၅ ရက် ညနေ ၅ နာရီမှာ ကျွန်တော်တို့ မီးစေတီတွေကို မီးထွန်းပြီး ဘုရားကြီးကို ရင်ပြင် တော်တစ်ပတ် လှည့်လည်ပူဇော် ကြမှာ ဖြစ်ပါတယ်။ လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ နံနက်မှာ အရုဏ်ဆွမ်းတော် ဆက်ကပ် လှူဒါန်းခြင်းပြုလုပ်ပြီးတော့ အဘိ ဓမ္မာအခါတော်နေ့အခမ်းအနားကို ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ဘုရားဖူးပြည်သူများအနေဖြင့် သီတင်းကျွတ် အခါသမယတွင် မီးပူဇော်ခြင်းကို ပါဝင်ဆင်နွှဲနိုင် ကြောင်းနှင့် သီတင်းကျွတ်လပြည့် နေ့ အခါသမယတွင်လည်း ရွှေတိဂုံ စေတီတော်ကြီးသို့ ဘုရားဖူးများ လာရောက် ဖူးမြော်နိုင်ကြောင်း သိရသည်။

ASH

# ဖရက်ဒ်အက်စတိုင်းယား အတ္ထုပ္ပတ္တိဇာတ်ကား၌ မင်းသမီး တာလီယာရိုင်ဒါ ပါဝင်လာ



**နယူးယောက် အောက်တိုဘာ ၁၀**

အမေရိကန် ဂန္ထဝင်ဟာသ ပညာရှင် ဖရက်ဒ်အက်စတိုင်းယား ၏ဘဝအတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကား ၌ မင်းသမီး တာလီယာရိုင်ဒါ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၉ ရက် သတင်းများ တွင် ရေးသားဖော်ပြထားသည်။

ဖရက်ဒ်အက်စတိုင်းယား အတ္ထုပ္ပတ္တိဇာတ်ကားတွင် တာလီ ယာရိုင်ဒါသည် မင်းသား တွမ် ဟော်လန်းနှင့်အတူ သရုပ်ဆောင် ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဖရက်ဒ် အက်စတိုင်းယား အတ္ထုပ္ပတ္တိဇာတ် ကား၏ တရားဝင်ဇာတ်ကား နာမည်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား တွမ်ဟော်လန်းက အဓိကဇာတ် ကောင် ဟာသပညာရှင် ဖရက်ဒ် အက်စတိုင်းယားအဖြစ် သရုပ် ဆောင်မည်ဖြစ်သည်။

ဖရက်ဒ်အက်စတိုင်းယား ဘဝ အတ္ထုပ္ပတ္တိဇာတ်ကားကို ဒါရိုက် တာ ပေါလ်ကင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ပေါလ်ကင်းက ဇာတ်ညွှန်းရေး ဆရာ စတီဗင်လီဗင်ဆင်နှင့်အတူ ပူးတွဲ ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# တေးသံရှင် မေခလာနှင့် ထွန်းအိန္ဒြာဗိုတို့၏ Full Moon Night တေးဂီတဖျော်ဖြေပွဲကို ပြင်ဦးလွင်မြို့နယ်ရှိ Mercury Nite Music Entertainment & Bar တွင် ပြုလုပ်မည်ဖြစ်

**မန္တလေး အောက်တိုဘာ ၁၀**

တေးသံရှင် မေခလာနှင့် ထွန်းအိန္ဒြာဗိုတို့၏ Full Moon Night အမည်ရှိ တေးဂီတဖျော်ဖြေ ပွဲကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ Mercury Nite Music Entertainment & Bar ၌ နိုဝင်ဘာ ၂၄ ရက်တွင် ပြုလုပ်မည် ဖြစ်ကြောင်း တေးသံရှင် ထွန်းအိန္ဒြာဗိုထံမှ သိရသည်။

တေးသံရှင် မေခလာနှင့် ထွန်းအိန္ဒြာဗိုတို့၏ Full Moon Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေ မှုများကို Mercury Nite Music Entertainment & Bar ၏ ပင်တိုင် တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ပြီး Mercury Nite Music Entertain-ment မှ ပင်တိုင်အဆိုရှင်များက လည်း ဝန်းရံသီဆိုပေးသွားမည် ဖြစ်ကြောင်း သိရသည်။




"လာမဲ့ နိုဝင်ဘာ ၂၄ Full Moon Night မှာတော့ ပြင်ဦးလွင် က Mercury Nite Music Enter-tainment & Bar မှာ မငယ်နဲ့အတူ ရှိပါမယ်။ အရင်ကသီချင်းတွေကို အတူတူဆိုကြမယ်။ အမှတ်တရ တွေကို အတူတူပြန်ခံစားကြမယ်။ ပြင်ဦးလွင်က သီချင်းချစ်သူတို့ အတွက် လက်လွတ်မခံသင့်တဲ့ ညလေးတစ်ညဖြစ်နေတာမို့ နိုဝင် ဘာ ၂၄ ရက် လပြည့်နေ့ညမှာ လာခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင် ထွန်းအိန္ဒြာဗိုက ပြောပြသည်။

တေးသံရှင် မေခလာနှင့် ထွန်းအိန္ဒြာဗိုတို့၏ Full Moon Night တေးဂီတဖျော်ဖြေပွဲကို Mercury Nite Music Entertain-ment & Bar ၌ နိုဝင်ဘာ ၂၄ ရက် ည ၆ နာရီတွင် စတင်မည်ဖြစ် ကြောင်း သိရသည်။

ASH

## မြေပြိုမှု ဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မြေပြိုကျမှုဖြစ်နေသောနေရာများအနီးသို့မလိုအပ်ဘဲ မသွားပါနှင့်။




စာမျက်နှာ ၁၀ မှအဆက်

| | | |
|---|---|---|
| ၂၀၃၀ | **Phase 5: ရေရှည်တည်တံ့သော စိုက်ပျိုးရေး ပို့ကုန်ဖြင့် အမျိုးသား GDP တိုးတက်စေခြင်း** | သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍမှ နိုင်ငံတော်ပို့ကုန်ဝင်ငွေကို လက်ရှိထက် နှစ်ဆမြှင့်တင်ခြင်း၊ မြန်မာ့သစ်သီးဝလံ ပို့ကုန်ကဏ္ဍတစ်ခုလုံးကို ရေကြောင်း၊ လေကြောင်း၊ နယ်စပ်လမ်းကြောင်း စသည့်ဘက်စုံအဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များမြှင့်တင်ထားသော စနစ်အဖြစ် အပြည့်အဝလည်ပတ်ခြင်း၊ ကျေးလက်တောင်သူများ၏ အိမ်ထောင်စုဝင်ငွေကို တိုက်ရိုက်မြှင့်တင်ပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမှ နိုင်ငံတော်၏အသားတင်ထုတ်ကုန် (National Output Growth) တိုးတက်ရေးကို အပြည့်အဝ အထောက်အကူပြုခြင်း |

### အစိုးရနှင့်အဖွဲ့အစည်းများသို့ မူဝါဒဆိုင်ရာဆွေးနွေးချက်များ (Policy Recommendations)

**၁။ အအေးခန်း ကုန်သွယ်ရေး အခြေခံအဆောက်အအုံ။** ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများနှင့် အဓိကသီးနှံစုဆောင်းရာ စက်မှုဇုန်များတွင် အအေးခန်းကွန်တိန်နာ (Reefer Container) များနှင့် အအေးခန်းသိုလှောင်ရုံများ ပိုမိုအသုံးပြုနိုင်ရေး လျှပ်စစ်နှင့် အခြေခံအဆောက်အအုံ ထောက်ပံ့ပေးရန်၊

**၂။ Green Channel – SPS နှင့် ပို့ကုန်ထောက်ခံချက်များ လျင်မြန်ရေး။** သစ်သီးဝလံများသည် ပုပ်သိုးလွယ်/သက်တမ်းတိုသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက Phytosanitary / GAP ထောက်ခံချက်များကို ဒီဂျစ်တယ်စနစ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဌာနများနှင့် စနစ်တကျချိတ်ဆက်ပေးရန်၊ PPD Task Force ဖွဲ့စည်း၍ GACC/SPS လုပ်ငန်းစဉ်များ တစ်ရှိန်ထိုးအကောင်အထည်ဖော်ရန်၊

**၃။ Green Channel စိုက်ပျိုးထုတ်လုပ်မှု လွန်စက်ပစ္စည်းတင်သွင်းမှု သက်သာခွင့်နှင့် ဘဏ္ဍာရေးမက်လုံး။** မိုဘိုင်းအခြေခံကောက်ခံရုံ၊ အအေးခန်း စက်ပစ္စည်းများနှင့် ထုပ်ပိုးစက်ရုံသုံးကိရိယာများ (sorting Machine, color Sorter) အလွယ်တကူ ရရှိနိုင်ရန် ကုန်သွယ်ရေးနှင့် အခွန်ဆိုင်ရာ သက်သာခွင့်များ ထောက်ပံ့ပေးရန်၊ တောင်သူအစုအဖွဲ့ သမဝါယမများနှင့် ကုမ္ပဏီများအတွက် အခွန်သက်သာခွင့် မက်လုံးပေးခြင်းနှင့် Matching Grant ချေးငွေစနစ်များ ဖန်တီးပေးရန်၊

**၄။ Green Channel – သယ်ယူပို့ဆောင်ရေး။** သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ သယ်ယူပို့ဆောင်ရာတွင် ဂိတ်များတွင် Green Channel ဖွင့်ထားပေးနိုင်ပါက ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု သက်သာစေနိုင်ပါမည်။

### နိဂုံး

ဤစာတမ်းကို အချိန်တိုအတွင်းပြုစုရသဖြင့် ပြည့်ပြည့်စုံစုံ သုံးသပ်ချိန်မရပါသောကြောင့် ထပ်မံအချိန်ယူ၍ (၂၀၂၆ – ၂၀၃၀) လမ်းပြမြေပုံကို အသေးစိတ် ဆက်လက်ရေးဆွဲရဦးမည် ဖြစ်ပါသည်။ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍသည် နယ်စပ်လမ်းကြောင်းတစ်ခုတည်းအပေါ် မှီခိုသည့်အလေ့အထမှ ရေကြောင်းနှင့် တိုက်ရိုက် ပို့ကုန်လမ်းကြောင်းများသို့ ကူးပြောင်းကာ GAP၊ Traceability နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲဆောင်ရွက်ပါက နိုင်ငံတော်အတွက် နိုင်ငံ ဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း(MFVP)အနေဖြင့် မိမိတို့၏ ညီနောင်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူအစုအဖွဲ့များနှင့် အစိုးရဌာနများပူးပေါင်းကာ (၂၀၂၆–၂၀၃၀) လမ်းပြမြေပုံအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံထုတ်ကုန်တိုးတက်မှုသို့" ဦးတည်ရာတွင် ကဏ္ဍအလိုက် အဓိကမောင်းနှင်အားအဖြစ် ပါဝင်သွားမည်ဖြစ်ပါသည်။

# Ten members of so-called PDF who returned to legal fold systematically handed over to their parents and guardians



**Commander Brig-Gen Thura Zaw Lwin Soe accepts a gun surrendered by a returnee to the legal fold.**

**Nay Pyi Taw October 10**

As the Tatmadaw consistently prioritizes national peace and stability, counterterrorism operations have achieved success, fully regaining control over areas temporarily held by terrorist insurgents. Local ethnic people have joyfully welcomed and supported these efforts. Due to their enthusiastic backing, reliance, and cooperation alongside the Tatmadaw, members of armed terrorist organizations have come to understand the peace process. Consequently, they have been reporting to nearby local military camps and security forces to return to the legal fold.

In doing so, 10 members of the so-called PDF—9 men and 1 woman—further entered the legal fold together with arms and ammunition. The ceremony to hand them over to their parents and guardians was held this morning at Aung San Hall in the South-East Command Headquarters. It was attended by Mon State Chief Minister U Aung Win Than, Commander Brigadier General Thura Zaw Lwin Soe, department officials, returnees, and their parents and guardians.

First, the Chief Minister delivered an opening address. Next, the Commander explained relevant legal matters. Following this, the returnees handed over the weapons and equipment they brought with them: 1 AK-47 rifle, 3 homemade guns, 1 pistol, 1 revolver, 5 hand grenades, and 5 walkie-talkies. The Chief Minister, the Commander, and officials received the surrendered items. The Commander then presented monetary rewards, including K5 million for 1 automatic rifle, K9 million for 3 homemade guns, K2 million for 1 pistol, K2 million for 1 revolver, K1.5 million for 5 hand grenades, K1 million for 5 walkie-talkies, and K500,000 provided at K50,000 per person for the 10 returnees, totaling K21 million along with gift packages, which were received by the returnees. Afterward, the returnees signed pledges of good conduct and were systematically handed over to their parents and guardians. One of the returnees delivered words of gratitude in response.

The 10 individuals who accepted and believed in the peace process, genuinely desired regional stability, and were handed over to their parents and guardians at today's ceremony included 1 male from Thingangyun Township, Yangon Region; 1 male from Insein Township, Yangon Region; 1 male from Pyay Township, Bago Region; 1 male from Mawlamyinegyun Township, Ayeyawady Region; 1 male from Hainggyikyun Township, Ayeyawady Region; 1 male from Paung Township, Mon State; 2 males from Bilin Township, Mon State; 1 male from Thaton Township, Mon State; and 1 female from Depayin Township, Sagaing Region.

It is reported that these members of the so-called PDF returned to the legal fold because they were forcibly recruited under coercion involving their family members and relatives, and could no longer tolerate terrorist acts carried out for the interests of terrorist groups—such as threatening, arresting, and killing innocent civilians and civil servants, and detonating mines to destroy non-military infrastructure, roads, and bridges. Furthermore, they faced internal discrimination, bullying, torture, killings, abuses, poor living and food conditions, and declining morale as they could no longer withstand Tatmadaw counter-offensives. Having placed their trust in the peace process of the State and the Tatmadaw, wishing to live peacefully within the legal framework, and desiring to contribute back to the State and the public that suffered losses because of their past actions, they abandoned the armed path to return to the legal fold.

As those returning to the legal fold are warmly received, provided with necessary assistance, and systematically reunited with their families, it is understood that many others still wish to return. Those desiring to re-enter the legal fold are notified that if they contact and report to nearby district or township administrative bodies, military camps, or police stations, they will be welcomed, provided with appropriate assistance, and given deserving cash rewards for surrendered weapons and ammunition. 100

# Another illegal six-storey building used in online scam/ gambling in Shwe Kokko (Part-II) systematically demolished

**Controlled demolition of an illegal 6-story building used for online gambling operations in Shwe Kokko (Part II).**



**Preparing and setting explosive charges.**



**View after demolition.**

**Nay Pyi Taw October 10**

The government has placed emphasis on combat against online scams and gambling as a national responsibility and illegal buildings used in online scams and gambling were being systematically and ultimately demolished in Shwe Kokko area, where most online scams and gambling were committed, with the aim of preventing them from resurging again.

In doing so, a six-storey building out of 63 remaining illegal buildings to be demolished in Shwe Kokko (Part-II) was systematically detonated today and plans are underway to bring down remaining 61 buildings.

Out of 63 buildings to be demolished in Shwe Kokko (Part-II) there were 25 classified to be levelled down with the use of machinery, four to be detonated and 34 to be manually brought down floor by floor for their proximity to residential buildings. Out of the buildings to be detonated, another six-storey one was blasted today.

The government has placed a special emphasis on obliteration of online scams and gambling, which pose a threat to global socioeconomic space and national security, in cooperation with neighboring and regional countries. 100

# Suspects arrested for scamming people by impersonating Tatmadaw member on social media and falsely claiming they could arrange the release of people's military service records






A record photograph of arrested suspect Naing Lin Oo, who committed financial fraud using the TikTok accounts "ဗိုလ်ကြီး ထက်ကောင်းနိုင်".

**Nay Pyi Taw October 10**

All citizens are responsible for upholding the Our Three Main National Causes: non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty. In order to enable those citizens to serve these responsibilities, the People's Military Service Law was come into force on 10 February 2024 and the people's military service trainings are conducted with the aim of providing military training and discharging the defence duties of the State.

It has already been announced that people can contact the phone numbers of the People's Military Service Recruitment Boards in the respective regions and states during office hours to make inquiries or report matters related to conscription. Despite this announcement, reports from responsible citizens indicate that some people have suffered financial losses as a result of scams in which individuals impersonate Tatmadaw personnel on social media and falsely claim that they can arrange the release of people called up for military service. These fraudulent activities are reportedly being carried out with the intention of tarnishing the reputation of the Tatmadaw.

Efforts to apprehend the fraudsters resulted in the arrest of three suspects. On 3 September, Toe Hlaing Win, who used the TikTok accounts "ဗိုလ်ကြီး သူရဇော်" and "ဗိုလ်ကြီး" to commit financial fraud, was arrested in Taungoo. On 17 September, Soe Thura Aung, who used the TikTok account "မင်းကိုကို" to commit financial fraud, was arrested at his residence in Shwegyin Township. On 26 September, Naing Lin Oo, who used the TikTok account "ဗိုလ်ကြီး ထက်ကောင်းနိုင်" to commit financial fraud, was arrested in Myaungmya, totalling three.

Investigations into the arrested suspects revealed that Toe Hlaing Win, Soe Thura Aung and Naing Lin Oo had impersonated Tatmadaw member using fake social media accounts. They reposted photographs and video clips of Tatmadaw officers found on social media on their fake accounts and falsely claimed that they could arrange the release of people called up for military service. By making deceptive statements to gain the trust of those who contacted them, they committed financial fraud. Arrangements are being made to take effective legal action against all three suspects in accordance with the law.

The people is urged to confidentially report to the relevant security personnel any individuals found impersonating a Tatmadaw member and falsely claiming that they can arrange the release of people called up for military service in order to defraud people and tarnish the reputation of the Tatmadaw. It is reported that efforts will continue to identify such fraudsters and take effective legal action against them.

100

# Maubin Township supplies 45,000 bags of Manaw Thukha rice to Yangon market in September

**Maubin October 10**

Daw Yi Yi Win, the owner of rice and paddy trading depot in Maubin Township of Ayeyawady Region, said that local merchants have sold 45,000 bags of Manaw Thukha rice to Yangon market in September.

A total of 45,000 bags of Manaw Thukha rice, each containing 24 pyi, were shipped from Maubin Township to the Yangon market during September, from the 1st to the 30th, up from just 40,000 bags exported during the previous month of August, according to reports.

"We shipped and sold up to 45,000 bags of Manaw Thukha rice to the Yangon market. Manaw Thukha is a rice variety classified under the coarse rice group. We milled and cleaned paddy that met quality standards before shipping it to the Yangon market. Buyers in Yangon have also been making arrangements to purchase large quantities of Manaw Thukha rice this month," said Daw Yi Yi Win.

During the past month, a 24-pyi bag of Manaw Thukha rice shipped from Maubin Township to the Yangon market fetched up to K90,000. The strong demand for this rice variety has created employment opportunities for farmers, traders, loading and unloading workers, and operators of cargo transport services.

Kyaw Kyaw Lin

# Shwebo Township sees completion of harvesting green gram

**Shwebo October 10**

Shwebo Township Agriculture Department stated that local farmers have harvested all sown acreage of green gram in the township this year.

A total of 4,110 acres of green gram were cultivated in Shwebo Township during this year's monsoon crop season. Harvesting began in September, and all the cultivated acres have now been fully harvested, with an average yield of 16.74 baskets per acre, according to reports.

"This year, 4,110 acres of green gram were cultivated in Shwebo Township during the monsoon crop season, and harvesting has now been completed across all the cultivated acres. Farmers have been provided with guidance on expanding green gram cultivation and using high-quality seeds to achieve better yields," said U Hsan Oo, Head of the Shwebo Township Agriculture Department.

This year, the Shwebo Township Agriculture Department provided green gram farmers with guidance on obtaining high-quality seeds suitable for local conditions, following proper cultivation methods, preventing pest infestations, applying chemical fertilisers systematically and improving crop yields.

During this year's monsoon crop season, the department has also been working in collaboration with farmers cultivating various pulse crops to provide the high-quality seeds, agricultural inputs and post-harvest technology training needed to improve crop yields and quality.

206

# Tapioca sells well in Pantanaw Township with high demand

**Pantanaw October 10**

Daw Win Win Thu, the owner of taioca and green grocery wholesale centre in Pantanaw Township of Ayeyawady Region, said that tapioca is in high demand at the domestic market in Pantanaw Township.

Tapioca roots have been in strong demand and trading well in Pantanaw Township since the first week of October this year. As the roots are currently in season in the area, they are fetching up to K4,500 per viss, according to reports.

"Tapioca roots are selling well. With strong trading during the current harvest season, farmers are getting good prices for their produce, and agricultural workers are also benefiting from the increased business activity. Tapioca roots are fetching higher prices this year because fewer farmers have cultivated them than last year, while demand remains strong in both the local and Yangon markets," said Daw Win Win Thu.

Farmers in Pantanaw Township grow tapioca roots and other seasonal crops alongside paddy. Each farmer typically cultivates between one and five acres of tapioca. The cultivation cost can reach K285,000 per acre, while profits can exceed K800,000 if crop losses are minimal.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အမေရိကန်နှင့် ဩစတြေးလျကုမ္ပဏီတို့က လေပေါ်ပျံဝဲတိုက်ခိုက်ရေးဒရုန်းများထုတ်လုပ်ရန် ပူးပေါင်းဆောင်ရွက်




အမေရိကန်နိုင်ငံအခြေစိုက် Shield AI ကုမ္ပဏီနှင့် ဩစတြေးလျနိုင်ငံအခြေစိုက် ကာကွယ်ရေးနည်းပညာကုမ္ပဏီ Innovaero Technologies တို့သည် Artificial Intelligence(AI) အခြေပြု အလိုအလျောက်ထိန်းချုပ်နိုင်သည့် Loitering Munition လေပေါ်ပျံဝဲတိုက်ခိုက်ရေးဒရုန်းများထုတ်လုပ်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုအရ Shield AI ကုမ္ပဏီသည် Innovaero Technologies ကုမ္ပဏီက ဩစတြေးလျနိုင်ငံအတွင်း ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားသည့် One-Way Loitering (OWL) အုပ်စုဝင် တိကျစွာတိုက်ခိုက်နိုင်သည့် လေပေါ်ပျံဝဲတိုက်ခိုက် ရေးဒရုန်းများတွင် ၎င်း၏ Hivemind Autonomy Software ကို ထည့်သွင်းအသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါ Hivemind စနစ်နှင့် OWL အုပ်စုဝင်ဒရုန်းများ ပေါင်းစပ်အသုံးပြုခြင်းဖြင့် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် စစ်ဆင်ရေးမစ်ရှင်များကို ပိုမိုလျင်မြန်စွာစီမံဆောင်ရွက်နိုင်မည့်အပြင် ဒရုန်းအများအပြားကို တစ်ပြိုင်နက်တည်း ပူးပေါင်းညှိနှိုင်းအသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် GPS အချက်ပြမှု သို့မဟုတ် ဆက်သွယ်ရေးစနစ်များအားနည်းခြင်း၊ ပြတ်တောက်ခြင်း သို့မဟုတ် ကန့်သတ်ခံရသည့်အခြေအနေများတွင်ပင် မစ်ရှင်များကို ဆက်လက်ဆောင်ရွက်နိုင်မည့် ကိုယ်ပိုင်အလိုအလျောက်ထိန်းချုပ်မှုစွမ်းရည် ရရှိလာမည်ဖြစ်သည်။

Hivemind စနစ်ကို ပျံသန်းစမ်းသပ်မှုများမပြုလုပ်မီ OWL-B တွင် ထည့်သွင်းအသုံးပြုထားပြီးဖြစ်သည်။ လက်ရှိတွင် အဆိုပါစနစ်ကို အခြေအနေအမျိုးမျိုး ပြောင်းလဲဖြစ်ပေါ်နိုင်သည့် စစ်ဆင်ရေးပတ်ဝန်းကျင်များ၌ ဒရုန်းအများအပြား ပူးပေါင်း၍တိုက်ခိုက်သည့် Multi-Agent Strike Operations များကို အတုယူစမ်းသပ်ရာတွင်အသုံးပြုနေပြီး စစ်ဆင်ရေးတာဝန်ရှိသူများက Android Team Awareness Kit (ATAK) နည်းဗျူဟာဆိုင်ရာ Interface မှတစ်ဆင့် မစ်ရှင်များကို ထိန်းချုပ်ညွှန်ကြားနိုင်သည်။

Hivemind စနစ်ကို ပလက်ဖောင်းအမျိုးမျိုးတွင် ပေါင်းစပ်အသုံးပြုခဲ့သည့် မှတ်တမ်းများရှိခြင်းကြောင့် Shield AI ကုမ္ပဏီသည် မိမိတို့အတွက် သင့်လျော်သည့် မိတ်ဖက်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဩစတြေးလျနိုင်ငံက ကိုယ်တိုင်ဒီဇိုင်းရေးဆွဲထားသည့် ကာကွယ်ရေးစွမ်းရည်ကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေမည့်အပြင် အရေးပါသည့်ကာကွယ်ရေးနည်းပညာများအပေါ် ဩစတြေးလျနိုင်ငံ၏ ထိန်းချုပ်နိုင်စွမ်းကိုလည်း ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း Innovaero Technologies ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Greg Tunny က ပြောကြားခဲ့သည်။

Shield AI ကုမ္ပဏီ၏ Hivemind စနစ်သည် မည်သည့်လေကြောင်းပလက်ဖောင်းတွင်မဆို ထည့်သွင်းအသုံးပြုနိုင်သည့် Platform-Agnostic Digital Brain တစ်ရပ်ဖြစ်ပြီး မစ်ရှင်အစီအစဉ်များကို အခြေအနေအလိုက် အလိုအလျောက်ပြောင်းလဲသတ်မှတ်ခြင်း၊ အတားအဆီးများကိုရှောင်ရှားခြင်း၊ မမျှော်လင့်ထားသည့်အခြေအနေများကို တုံ့ပြန်ခြင်းနှင့် ရှုပ်ထွေးသည့် လုပ်ငန်းတာဝန်များကို ကိုယ်တိုင်ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်ကြောင်း သိရသည်။

AI အခြေပြု Hivemind စနစ်သည် ဆက်သွယ်ရေးစနစ်များ ပိတ်ပင်ခံရခြင်း၊ အားနည်းခြင်း၊ အဆက်မပြတ်မရရှိခြင်း သို့မဟုတ် အကန့်အသတ်ဖြင့်သာရရှိခြင်း တို့ဖြစ်ပေါ်နေသည့် အခြေအနေများတွင်လည်း လေကြောင်းပလက်ဖောင်းများ၏ ကိုယ်ပိုင်အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းကို ထောက်ပံ့ပေးနိုင်သည်။

Hivemind စနစ်ကို ယခင်ကလည်း ပလက်ဖောင်းအမျိုးမျိုးတွင် ပေါင်းစပ်စမ်းသပ်အသုံးပြုခဲ့ပြီး Airbus H145 ရဟတ်ယာဉ်၊ Northrop Grumman ကုမ္ပဏီ၏ Talon IQ Modular Testbed၊ အမေရိကန်လေတပ်၏ Collaborative Combat Aircraft (CCA) နှင့် အမေရိကန်ရေတပ်၏ BQM-177A Target Drone တို့တွင် ထည့်သွင်းအသုံးပြုခဲ့သည်။

ထို့ပြင် Destinus ကုမ္ပဏီ၏ Hornet Loitering Munition များတွင် Hivemind စနစ် ထည့်သွင်းအသုံးပြုမှုအတွက်လည်း ဩစတြေးလျနိုင်ငံမှအဖွဲ့များက စပိန်နိုင်ငံတွင်ပြုလုပ်သည့် ပျံသန်းစမ်းသပ်မှုများတွင် ပါဝင်ကူညီခဲ့သည်။ လေကြောင်းပလက်ဖောင်းများအပြင် အဆိုပါအလိုအလျောက်ထိန်းချုပ်ရေးစနစ်ကို ရေပေါ်ပလက်ဖောင်းများနှင့် အာကာသပတ်လမ်းအတွင်းရှိ စနစ်များတွင်ပါ စမ်းသပ်အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

**Shield AI, Innovaero Partner on Loitering Munitions for Australia ကို ဘာသာပြန်ဆိုထားပါသည်။**

# ဖင်လန်လေတပ်က အမေရိကန်နိုင်ငံထုတ် F-35A ပဉ္စမမျိုးဆက် တိုက်လေယာဉ်နှစ်စင်း လက်ခံရရှိ

ဖင်လန်လေတပ်သည် အမေရိကန်နိုင်ငံထုတ် F-35A ပဉ္စမမျိုးဆက် တိုက်လေယာဉ်နှစ်စင်းကို လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဖင်လန်နိုင်ငံသည် အိုဟောင်းလာသည့် F/A-18 Hornet စတုတ္ထမျိုးဆက် တိုက်လေယာဉ်များနေရာတွင် အစားထိုးအသုံးပြုရန် F-35A တိုက်လေယာဉ်များ ဝယ်ယူရေးသဘောတူညီချက်ကို ၂၀၂၂ ခုနှစ်တွင် Lockheed Martin ကုမ္ပဏီနှင့်ချုပ်ဆိုခဲ့ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံရှိကြောင်း သိရသည်။

ယခုလက်ခံရရှိသည့် F-35A တိုက်လေယာဉ်နှစ်စင်းကို JF-510 နှင့် JF-512 ဟု သတ်မှတ်ထားပြီး အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် Fort Worth မြို့ရှိ Lockheed Martin ကုမ္ပဏီ၏ လေယာဉ်ထုတ်လုပ်ရေးစက်ရုံမှ ဖင်လန်နိုင်ငံသို့ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းပျံသန်းသည့် လေယာဉ်ပို့ဆောင်ရေးခရီးစဉ်ဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ F-35A တိုက်လေယာဉ်များ လက်ခံသည့်အခမ်းအနားတွင် ဖင်လန်သမ္မတ Alexander Stubb က ပထမဆုံးရောက်ရှိလာသည့် F-35A တိုက်လေယာဉ်ကို ဖင်လန်ဘာသာစကားဖြင့် ထူးကဲသည့် ဇွဲလုံ့လနှင့် ကြံ့ကြံ့ခံနိုင်စွမ်းဟု အဓိပ္ပာယ်ရသည့် "Sisu"ဟု အမည်ပေးခဲ့ကြောင်း၊ F-35A တိုက်လေယာဉ်သည် NATO ၏ ဟန့်တားကာကွယ်ရေးစွမ်းရည်ကို ပိုမိုခိုင်မာစေရန် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။

ဖင်လန်နိုင်ငံအတွက် F-35A တိုက်လေယာဉ်သည် အင်အားပြသနိုင်စွမ်း၊ လုံခြုံရေးနှင့် အာတိတ်ဒေသအတွင်း အခြေအနေသိမြင်နိုင်စွမ်းတို့နှင့် သက်ဆိုင်ကြောင်း၊ ထို့ပြင် ဥရောပမြောက်ပိုင်းဒေသ၏ လုံခြုံရေးကို အာမခံနိုင်ရေးနှင့်လည်း သက်ဆိုင်ကြောင်း ဖင်လန်သမ္မတ Alexander Stubb က ပြောကြားခဲ့သည်။

အဆိုပါတိုက်လေယာဉ်သည် ဖင်လန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့် ပြည်တွင်းကာကွယ်ရေးအတွက် မဟာဗျူဟာအရ အရေးပါကြောင်း၊ ပိုမိုဝေးကွာသည့်အကွာအဝေးထိ မြင်တွေ့နိုင်သော်လည်း မိမိကို ရန်သူက ရှာဖွေတွေ့ရှိရန်ခက်ခဲခြင်း၊ သတင်းအချက်အလက်များကို ပိုမိုလျင်မြန်စွာမျှဝေနိုင်ခြင်း၊ တိကျစွာတိုက်ခိုက်နိုင်ခြင်းနှင့် ပိုမိုကြာရှည်စွာရှင်သန်နိုင်ခြင်းတို့ရှိသည့် ပဉ္စမမျိုးဆက်တိုက်လေယာဉ်သည် ဖင်လန်အတွက် ဇိမ်ခံပစ္စည်းမဟုတ်ဘဲ မဖြစ်မနေလိုအပ်သည့်စွမ်းရည်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် လေယာဉ်များရောက်ရှိလာခြင်းသည် လုပ်ငန်းစတင်ခြင်းသာဖြစ်ကြောင်း ဖင်လန်လေတပ်တပ်မှူး ဗိုလ်ချုပ် Timo Herranen က ပြောကြားခဲ့သည်။

အမေရိကန်ထုတ် F-35A တိုက်လေယာဉ်များကို လက်ခံရရှိခြင်းသည် ဖင်လန်နိုင်ငံအတွင်း ထုတ်လုပ်တပ်ဆင်ထားသည့် F-35A တိုက်လေယာဉ်၏ F135 အင်ဂျင်ပထမဆုံးအစင်းကို ပြီးစီးအောင် ထုတ်လုပ်နိုင်ခဲ့ခြင်းနှင့်လည်း တစ်ပြိုင်နက်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိတွင် ဖင်လန်လေတပ်၏ F-35A တိုက်လေယာဉ်ရှစ်စင်းသည် အမေရိကန်နိုင်ငံ အာကန်ဆက်ပြည်နယ်ရှိ Ebbing Air National Guard Base စခန်းတွင် လေသူရဲများနှင့် ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများအတွက် လေ့ကျင့်ရေးနှင့် စနစ်ထိန်းသိမ်းရေးဆိုင်ရာလေ့ကျင့်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

ဖင်လန်နိုင်ငံသည် အဆိုပါ F-35A တိုက်လေယာဉ်များ၏ ကနဦးစစ်ဆင်ရေးစွမ်းရည်ကို ၂၀၂၈ ခုနှစ်အစောပိုင်းတွင် ရရှိရန်မျှော်မှန်းထားပြီး တစ်နိုင်ငံလုံး၏ စစ်ဘက်ဆိုင်ရာ F-35A တိုက်လေယာဉ်စွမ်းရည်ကို ၂၀၃၀ ပြည့်နှစ် နှစ်ကုန်ပိုင်းထိ အပြည့်အဝတည်ဆောက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**Finland Accepts First F-35 Jets From US ကို ဘာသာပြန်ဆိုထားပါသည်။**



**မင်းမျိုး**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၀၀၇၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဘုတလင် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၀၀၇၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၃၂၆၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၀၇၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၀ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နှမ်း ၃၃၂၆၃ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း လယ်ငါးခူပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း လယ်ငါးခူပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း လယ်ငါးခူပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း လယ်ငါးခူပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း လယ်ငါးခူပိသာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်က ပြီးခဲ့တဲ့ တစ်လအတွင်းကော အခုလက်ရှိကော ရေထွက်ကုန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လယ်ငါးခူတွေ တင်ပို့အားတက်လာတော့ ငါးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ဒေသထွက် လယ်ငါးခူများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ လယ်ငါးခူ ၁၀ ပိသာလျှင် ငွေကျပ် ၂၉၅၀၀၀ မှ ၃၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပေါက်ခေါင်းမြို့နယ် စိုင်ဂေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုင်ဂေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်များလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကိုရှင်းလင်းဆွေးနွေးပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုင်ဂေါင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ် သိန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းထံမှ သိရသည်။

ချိုလေး




# မကွေးမြို့နယ် ချောင်းဖြူတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး



**မကွေး အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ချောင်းဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ချောင်းဖြူတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ကွန်ကရစ်လမ်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချောင်းဖြူတောင်ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် သိန်း ၃၀ အသုံးပြုကာ မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၂ ရက်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

အထွေး



## ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၄/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉)တို့အရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများကို ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်ထင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၂) | ဦးဟန်ဝင်းအောင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၅/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဦးညီညီ
ဒုတိယဝန်ကြီး
အားကစားရေးရာဝန်ကြီးဌာန

(၂) ဦးထွန်းထွန်းဝင်း
အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၆/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၂)နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၅ တို့အရ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၇/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**နေပြည်တော်ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၂နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ(၄)တို့အရ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းအား နေပြည်တော်ကောင်စီဝင် အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၈/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၉)တို့အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းမောင်သိန်း | ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာတင်ထွန်း | ကျန်းမာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာနေသွယ်ကြည် | အမျိုးသမီးရေးရာဝန်ကြီးဌာန |
| (၄) | ဦးမျိုးအောင် | အလုပ်သမားဝန်ကြီးဌာန |
| (၅) | ဦးမျိုးကျော်သူ | အားကစားရေးရာဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၉/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့်(စ)၊ ပုဒ်မ ၂၆၄၊ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့အရ ဦးစောရန်အောင်အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၈၀/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့အရ ဒေါ်အေးအေးလှိုင်အား ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

■ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ

နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးနိုင်ခဲ့သော်လည်း လိဒ်ယူနိုက်တက်အသင်း၏ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့မှုများကြောင့် ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့်ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန် ပွဲချိန် ၅၅ မိနစ်တွင် ဂျက်စတင်က လိဒ်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း အာဆင်နယ်အသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၆၂မိနစ်တွင် ကယ်လာဖီအိုရီက အာဆင်နယ်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၇၀တွင် ဂွီမာရေးက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အာဆင်နယ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၆)အခြားပွဲစဉ်များတွင် ချဲလ်ဆီးအသင်းက ဘုန်းမောက်အသင်းကို ငါးဂိုး တစ်ဂိုး၊ အစ်ဗ့်ဗ်အသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ဘရိုက်တန်အသင်းက ဆန်းဒါးလန်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အက်စ်တွန်ဗီလာအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ STA

# မြန်မာနိုင်ငံ အဆုတ်နှင့် ရင်ခေါင်းပညာရပ်ဆိုင်ရာ ညီလာခံကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အဆုတ်နှင့်ရင်ခေါင်းပညာရပ်ဆိုင်ရာညီလာခံ(၂၀၂၆)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ကျင်းပပြီး ညီလာခံကို “အဆုတ်ကျန်းမာရေးပိုမိုကောင်းမွန်ဖို့ အတူတကွလက်တွဲဆောင်ရွက်စို့”(Together for Better Lung Health) ဆောင်ပုဒ်ဖြင့် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံဖွင့်ပွဲတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစိန်ခေါ်မှုများဖြစ်သဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အသိပညာနှင့် အတွေ့အကြုံများမျှဝေခြင်းတို့ဖြင့် ကုသမှုဆိုင်ရာစွမ်းရည်များမြှင့်တင်ရန် လိုအပ်ကြောင်း၊ အဆုတ်နှင့် ရင်ခေါင်းခွဲစိတ်ဆေးပညာဆိုင်ရာမဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး လက်ရှိတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းသားဦးရေ ၃၀ တက်ရောက်သင်ယူလျက်ရှိကြောင်း၊ ပြည်သူများအတွက် ထိရောက်ပြီး လိုအပ်ချက်နှင့်ကိုက်ညီသော ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရေး အမျိုးသားကျန်းမာရေးစနစ် ခိုင်မာအားကောင်းစေရန် အဆင့်မြင့် ဆေးဘက်ဆိုင်ရာစက်ကိရိယာများနှင့်ဆေးပညာရှင်များ၏စွမ်းရည်မြှင့်တင်ရေးကို ဆက်လက်အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစိန်ခေါ်မှုများကိုဖြေရှင်းနိုင်ရန် ဆေးဘက်ဆိုင်ရာသုတေသနနှင့် ဆေးပညာရှင်များကြားပညာရပ်ဆိုင်ရာဖလှယ်မှုများ၊ သုတေသနလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက တိုက်တွန်းပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံ အဆုတ်နှင့်ရင်ခေါင်းပညာရပ်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာထက်မြက်က ညီလာခံအကြိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ မြန်မာနိုင်ငံအဆုတ်နှင့် ရင်ခေါင်းပညာရပ်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌတို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပညာရပ်ဆိုင်ရာပိုစတာပြခန်းနှင့် ဆေးဘက်ဆိုင်ရာပြခန်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါညီလာခံသို့ နိုင်ငံတကာမှ အဆုတ်နှင့်ရင်ခေါင်းဆေးပညာရှင်များ၊ မြန်မာနိုင်ငံမှ အဆုတ်နှင့် ရင်ခေါင်းဆေးပညာရှင်များ၊ မျိုးဆက်သစ်ဆေးပညာရှင်များ၊ စင်ကာပူ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံတို့မှ ဆေးပညာရှင်များလည်း တက်ရောက်ကြပြီး အဆုတ်နှင့် ရင်ခေါင်းဆေးပညာရပ်နယ်ပယ်၏ တိုးတက်ဖြစ်ထွန်းမှုများ၊ လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံများ၊ ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ကုသရေးကဏ္ဍတို့တွင် စွမ်းဆောင်နိုင်မှုများကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် ညီလာခံအကြိုအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်တွင် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန် အဆုတ်နှင့် ရင်ခေါင်းခွဲစိတ်ကုပညာဌာန၌ ကျင်းပခဲ့ရာ သင်တန်းသားဦးရေ ၅၀ တက်ရောက်၍ စာတွေ့လက်တွေ့သင်ယူခဲ့ကြသည်။

ယခုကဲ့သို့ဆေးပညာရပ်ဆိုင်ရာညီလာခံများကို ကျင်းပခြင်းဖြင့် နိုင်ငံတကာဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဆေးပညာရှင်များကြား အတွေ့အကြုံနှင့် သုတေသနဖလှယ်မှုများမှတစ်ဆင့် ဆေးပညာရှင်များ၏စွမ်းရည်မြှင့်တင်နိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ထိရောက်မှုကို ပိုမိုတိုးတက်ကောင်းမွန် စေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ထုပ်ပိုးမှု ဖိုရမ် ၂၀၂၆ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

MSME ထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ သုံးစွဲသူပြည်သူများကို ဆွဲဆောင်မှုရှိစေရေး၊ ထုပ်ပိုးမှုအဆင့်အတန်းမြင့်မားတိုးတက်လာစေရေးတို့အတွက် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းကကြီးမှူး၍ မြန်မာ့ထုပ်ပိုးမှုဖိုရမ် ၂၀၂၆ကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

ဖိုရမ်ကို မြန်မာ့ထုပ်ပိုးမှုကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာဈေးကွက်နှင့် ရင်ပေါင်တန်းနိုင်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများနှင့် MSME များအတွက် ခေတ်မီထုပ်ပိုးမှုနည်းပညာသစ်များ၊ စက်ကိရိယာများနှင့် ဆန်းသစ်သောအလေ့အထများကို မိတ်ဆက်ပေးရန်၊ လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်မှုကွန်ရက်တည်ဆောက်နိုင်ရန်၊ နည်းပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကြား ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါဖိုရမ်သို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး အရည်အသွေးကောင်းမွန်သည့် ထုပ်ပိုးမှုစနစ်ကြောင့် ထုတ်ကုန်များ၏ သက်တမ်းကြာရှည်စေခြင်း၊ သယ်ယူပို့ဆောင်ရာတွင် ထိခိုက်ပျက်စီးမှုနည်းပါးစေခြင်း၊ စားသုံးသူများ၏ အမြင်အာရုံကို ဖမ်းစားနိုင်ပြီး ဈေးကွက်ဝေစုတိုးတက်ရရှိစေခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာကိုရရှိစေနိုင်ကြောင်း။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်းစားသုံးသူများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် ထုပ်ပိုးမှု၊ သဘာဝအတိုင်း ဆွေးမြည့်ပျက်စီးသွားနိုင်သော ထုပ်ပိုးမှုပစ္စည်းများနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်စနစ်များကို ပိုမိုဦးစားပေးလာကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့်လည်း ကမ္ဘာ့စားသုံးသူများ၏ လမ်းစဉ်နှင့်အညီ ရေရှည်တည်တံ့သည့် ထုပ်ပိုးမှုနည်းပညာများကိုပါ ကြိုတင်ပြင်ဆင် အကောင်အထည်ဖော်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ မြန်မာ့ထုပ်ပိုးမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် အခန်းကဏ္ဍများအလိုက် ကျွမ်းကျင်ပညာရှင်များက ရှင်းလင်းဆွေးနွေးခြင်း၊ အခမ်းအနားတက်ရောက်လာသူများက သိရှိလိုသည်များမေးမြန်းခြင်း၊ ဆွေးနွေးမှုရလဒ်များကို ခြုံငုံသုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ အမျိုးသားပြတိုက်(နေပြည်တော်)၌ လေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှုစိုက်ပျိုး၊မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူ ၃၆ ဦးနှင့် ကြီးကြပ်ကျောင်းအုပ် ဆရာ၊ ဆရာမ သုံးဦးတို့ကိုပြည်တွင်း(နေပြည်တော်)နှင့် ပြည်ပ(ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံ)တို့ကိုလေ့လာရေးခရီးစဉ်အဖြစ်ပို့ဆောင်ပေးမည်ဖြစ်သည်။

ပြည်ပခရီးစဉ် ပို့ဆောင်ရေးမတိုင်မီ ပြည်တွင်းခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အမျိုးသားပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ထိုသို့လေ့လာစဉ် ပြတိုက်မှတာဝန်ရှိသူများက ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု၊ မြန်မာနိုင်ငံကျောက်ခေတ်သစ်ယဉ်ကျေးမှု၊ အညာသားယဉ်ကျေးမှု ထွန်းကားရာဒေသများ၊ နံရံဆေးရေးပန်းချီများ၊ ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ ခေတ်အဆက်ဆက်သမိုင်းမှတ်တမ်းများ၊ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာ့တူရိယာများ သမိုင်းအကျဉ်း၊ ခေတ်အဆက်ဆက်ရုပ်သေးများ၊ တိုင်းရင်းသားရိုးရာတူရိယာများကိုရှင်းလင်းပြသကြသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အဆိုပါကျောင်းသား၊ ကျောင်းသူများကို ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဩဝါဒစကားပြောကြားကြသည်။

အဆိုပါကျောင်းသား၊ကျောင်းသူများသည် အောက်တိုဘာ ၁၂ ရက်ထိ နေပြည်တော်အတွင်းရှိအထင်ကရနေရာများကိုသွားရောက်လေ့လာကြည့်ရှုကြမည်ဖြစ်ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့ကို သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ခရီးစဉ်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (၈-၁၀-၂၀၂၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်ရဲ့ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် ဒုတိယမြောက်နေ့ကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။

ကွာလာလမ်ပူမြို့ရှိ ဝန်ကြီးချုပ်ရုံးမှာ ခမ်းနားတဲ့ကြိုဆိုပွဲနဲ့အတူ နှစ်နိုင်ငံ အကြီးအကဲများ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ကွာလာလမ်ပူမြို့ဟာ မလေးရှားနိုင်ငံရဲ့ အုပ်ချုပ်ရေးဆိုင်ရာမြို့တော်ဖြစ်ပြီး စည်ကားသိုက်မြိုက်လှပါတယ်။ ခေတ်မီအဆောက်အအုံများနဲ့ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ တစ်သားတည်းပေါင်းစပ်တည်ရှိနေတဲ့ သဘာဝအခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပါတယ်။ အခုလို အဆင့်မြင့်ခရီးစဉ်ကနေတစ်ဆင့် နှစ်နိုင်ငံကြား မိတ်ဖက်ဆက်ဆံရေးနဲ့အတူ အမိနိုင်ငံတော်အကျိုးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားနိုင်ဖို့ ရောက်ရှိခဲ့ကြတာပဲ ဖြစ်ပါတယ်။

**နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး သမိုင်းကြောင်း**

နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး သမိုင်းကြောင်းကိုပြန်ကြည့်ရင် ၁၉၅၈ ခုနှစ်မှာ စတင်ထူထောင်ခဲ့တာဖြစ်လို့ ယခုဆိုရင် ၆၈ နှစ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ လာမယ့် ၂၀၂၈ ခုနှစ်မှာဆိုရင် နှစ် ၇၀ ပြည့်မြောက်တော့မှာ ဖြစ်တဲ့အတွက် အထူးအလေးထားဖွယ် ဖြစ်ပါတယ်။ ကိုလိုနီလက်အောက်မှာ အတူတကွ နေထိုင်ခဲ့ဖူးတဲ့ သမိုင်းကြောင်းတွေရှိခဲ့ပြီး အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံတွေအဖြစ် ရင်းနှီးကျွမ်းဝင်ခဲ့ကြပါတယ်။

မြန်မာနဲ့ မလေးရှားနိုင်ငံတို့ဟာ ပထဝီဝင်အနေအထားအရ အနည်းငယ်အလှမ်းကွာဝေးပေမယ့်အိမ်နီးချင်းကောင်းတွေလိုပဲ အရေးပါတဲ့မိတ်ဖက်နိုင်ငံတွေအဖြစ် ရပ်တည်နေကြပါတယ်။ မလေးရှားနိုင်ငံဟာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလကစပြီး BRICS ရဲ့ မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်နေပြီး မြန်မာနိုင်ငံဘက်ကလည်း အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွေကို ကိုယ်ပိုင်နည်းလမ်းနဲ့ အကောင်းဆုံးကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ပါတယ်။

**နှစ်နိုင်ငံအကြီးအကဲများ၏ ရင်းနှီးပွင့်လင်းသော ဆွေးနွေးပွဲ**

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲနဲ့ သတင်းစာရှင်းလင်းပွဲတွေကို ကွာလာလမ်ပူမြို့ရှိ မလေးရှားဝန်ကြီးချုပ်ရုံးမှာ ကျင်းပခဲ့ကြပြီး နှစ်နိုင်ငံအကြီးအကဲတွေနဲ့အတူ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်တွေ တက်ရောက်ခဲ့ကြပါတယ်။ယခုလို အဆင်ပြေချောမွေ့တဲ့ ရာသီဥတုအခြေအနေအောက်မှာ နှစ်နိုင်ငံအကြီးအကဲတွေဟာ ကမ္ဘာ့နိုင်ငံရေး အခြေအနေတွေနဲ့ ဒေသတွင်း အဖွဲ့အစည်းတွေအတွင်း ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်တွေကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။

**အခုလို အာဆီယံအဖွဲ့ဝင် မိတ်ဖက်နိုင်ငံတစ်နိုင်ငံကို သွားရောက်ခဲ့တဲ့ခရီးစဉ်ဟာ နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရေးကို ပိုမိုနက်ရှိုင်းစေရုံသာမက နယ်ပယ်စုံပူးပေါင်းဆောင်ရွက်မှုအသစ်တွေကိုပါ ထပ်မံတံခါးဖွင့်ပေးနိုင်ခဲ့တဲ့ အရေးပါသော သမိုင်းဝင်ခရီးစဉ်တစ်ခုလည်းဖြစ်ပါတယ်။ နှစ်နိုင်ငံကြား သမိုင်းအစဉ်အဆက်တည်ဆောက်ထားတဲ့ အပြုသဘောဆောင်သော သံတမန်ဆက်ဆံရေးနဲ့ နားလည်မှုတွေက နှစ်နိုင်ငံအကျိုးစီးပွားကိုသာမက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက်ပါ အထောက်အကူကောင်းတွေဖြစ်လာစေမှာ ကေန်အမှန်ဖြစ် . . .**

ကမ္ဘာ့နိုင်ငံရေးနဲ့ ပြည်တွင်းဖြစ်ပေါ် တိုးတက်မှုတွေကို ဆွေးနွေးရာမှာ မြန်မာနိုင်ငံသမ္မတက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကနေ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း လွတ်လပ်ပြီးတရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲတွေ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

**ဒီမိုကရေစီဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံ ချစ်ကြည်ရေး**

လက်ရှိမှာ ရွေးကောက်ပွဲကထွက်ပေါ်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အတူ တတိယအကြိမ်မြောက် လွှတ်တော်အစည်းအဝေးတွေကို ကျင်းပနေပြီဖြစ်ပါတယ်။ အလားတူ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်လျက်ရှိပါတယ်။ မလေးရှားဝန်ကြီးချုပ် ဘက်ကလည်း မြန်မာနိုင်ငံနဲ့ သံတမန်ဆက်ဆံရေးကောင်းတွေထားရှိရေးကို အမြဲအလေးထား ဆောင်ရွက်လျက်ရှိကြောင်းနဲ့ ယခုလို လာရောက်တွေ့ဆုံမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

နှစ်နိုင်ငံအကြီးအကဲတွေရဲ့ တွေ့ဆုံဆွေးနွေးပွဲအပြီးမှာ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မြန်မာသမ္မတကြီးရဲ့ ယခုခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ကြောင်းနဲ့ လိုအပ်တဲ့သွင်းကုန်တွေကို မြန်မာနိုင်ငံကနေ တင်သွင်းလိုတဲ့ ဆန္ဒရှိကြောင်း ပြောကြားခဲ့ပါတယ်။ နယ်ပယ်အားလုံးမှာ နှစ်နိုင်ငံနဲ့ ပြည်သူတွေကြား ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမယ်လို့ အတည်ပြုခဲ့ကြပါတယ်။ ဒီခရီးစဉ်ဟာ နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရေးကို ပိုမိုနက်ရှိုင်းစေရုံသာမက ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအသစ်တွေကိုပါ တံခါးဖွင့်ပေးနိုင်မယ့် သမိုင်းဝင်ခြေလှမ်းသစ်တစ်ရပ်ဖြစ်လာပါတယ်။

**စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်း**

စီးပွားရေးနဲ့ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့နှစ်မှာ နှစ်နိုင်ငံ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၆၀၀ ကျော်ရှိခဲ့ကြောင်း သိရှိရပါတယ်။ မလေးရှားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ကုန်သွယ်ဖက်နိုင်ငံ အဆင့်(၄)နေရာမှာ ရှိနေပြီး နိုင်ငံပေါင်း ၄၈ နိုင်ငံအနက် ရင်းနှီးမြှုပ်နှံမှုအဆင့်(၉)နေရာမှာ ရပ်တည်နေကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် နှစ်နိုင်ငံကြား စီးပွားရေးဖိုရမ်တွေ၊ B2B မိတ်ဆက်ပွဲတွေ၊ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း(MSMEs) တွေအတွက် အတွေ့အကြုံဖလှယ်ခြင်းနဲ့ ဒစ်ဂျစ်တယ်ကုန်သွယ်ရေး ပလက်ဖောင်းတွေမြှင့်တင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။

ပြီးခဲ့တဲ့နှစ်မှာ နှစ်နိုင်ငံ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၆၀၀ ကျော်ရှိခဲ့ကြောင်းနဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို ဖော်ပြဆွေးနွေးခဲ့ပါတယ်။ ဒါ့ပြင် နှစ်နိုင်ငံကြား စီးပွားရေးဖိုရမ်တွေ၊ B2B မိတ်ဆက်ပွဲတွေနဲ့ MSMEs များအတွက် အတွေ့အကြုံဖလှယ်ခြင်းများကို ဆက်လက်လုပ်ဆောင်သွားရန် အလေးပေးပြောကြားခဲ့ပါတယ်။

စိုက်ပျိုးရေးနဲ့ မွေးမြူရေးအခြေခံစက်မှုကဏ္ဍတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း မလေးရှားနိုင်ငံရဲ့ သုတေသနလုပ်ငန်း အတွေ့အကြုံတွေကိုရယူပြီး ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ပညာရေး၊ သိပ္ပံနဲ့ နည်းပညာကဏ္ဍတွေမှာ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နဲ့ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တို့က


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ သီးသန့်တွေ့ဆုံ၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးစဉ်။ (၈-၁၀-၂၀၂၆)

စီးပွားရေးနဲ့ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွေတိုးမြှင့်ဖို့ ဆွေးနွေးရာမှာ မလေးရှားဝန်ကြီးချုပ်က ကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှု၊ စားနပ်ရိက္ခာ၊စွမ်းအင်နဲ့ လူ့စွမ်းအားအရင်းအမြစ်စတဲ့ နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှုကို ၁၄၀ ရာခိုင်နှုန်းခန့်ထိ တိုးတက်လာအောင် ဆောင်ရွက်သွားလိုကြောင်း ပြောကြားခဲ့ပါတယ်။

**လယ်ယာစိုက်ပျိုးရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု**

မြန်မာနိုင်ငံသမ္မတကြီး ဘက်ကလည်း

မလေးရှားနိုင်ငံ Multimedia University တို့နဲ့ MoU ချုပ်ဆိုထားပြီးဖြစ်လို့ ကျောင်းသားဖလှယ်ရေးနဲ့ သုတေသနပူးပေါင်းမှုကို တိုးမြှင့်သွားမှာဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍမှာလည်း ဆေးရုံ၊ ဆေးခန်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးနဲ့ ဆေးဘက်ဆိုင်ရာနည်းပညာပစ္စည်းတွေမှာ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာတွေကို ဖော်ထုတ်ဆွေးနွေးခဲ့ကြပါတယ်။

**နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု**

နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုတွေနဲ့ လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးရာမှာ မြန်မာနိုင်ငံအနေနဲ့ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် Zero Tolerance မူချမှတ် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဇူလိုင် ၃၁ ရက်က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ကာ မလေးရှားနိုင်ငံ NADA နဲ့ RMP တို့အပြင် CCDAC တို့ကလည်း အပြန်အလှန် သတင်းဖလှယ်ပူးပေါင်းလျက်ရှိကြပါတယ်။

**စာမျက်နှာ ၁၉ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ မလေးရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (Malaysia–Myanmar Cooperation Dialogue)သို့ တက်ရောက်စဉ်။ (၈-၁၀-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့ကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (၈-၁၀-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ နှစ်နိုင်ငံသတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။ (၈-၁၀-၂၀၂၆)

**စာမျက်နှာ ၁၈ မှအဆက်**

ဒီပြဿနာတွေဟာ အုပ်ချုပ်ရေးနဲ့ အလှမ်းကွာဝေးပြီး တိုင်းရင်းသား လက်နက်ကိုင်တွေကြီးစိုးတဲ့ နယ်စပ်ဒေသတွေမှာ အဓိကဖြစ်ပေါ်နေတာဖြစ်လို့ ဒေသတွင်းနိုင်ငံတွေကြား တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းတွေ ချိတ်ဆက်မှသာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

**အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေး**

မလေးရှားနိုင်ငံမှာ ရောက်ရှိလုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားဦးရေ ၁၆၀၀၀၀ ကျော်ရဲ့ လုပ်ငန်းခွင်လုံခြုံရေး၊ အခွင့်အရေးနဲ့ အကာအကွယ်ရရှိရေး ကိစ္စရပ်တွေကိုလည်း နှစ်ဖက်အကြီးအကဲတွေ ဆွေးနွေးခဲ့ကြပါတယ်။အလုပ်သမားတွေ တရားဝင်လမ်းကြောင်းကနေ စနစ်တကျလာရောက်နိုင်ရေး၊ ခေါင်းပုံဖြတ်ခံရမှုမှ ကာကွယ်ရေးနဲ့ နှစ်နိုင်ငံအလုပ်သမား သဘောတူညီချက်တွေအတိုင်း ထိရောက်စွာအကောင်အထည်ဖော်ဖို့ ဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွေမှာ ကျန်ရှိနေသေးတဲ့ မြန်မာနိုင်ငံသားဦးရေ ၃၀၀၀ ခန့်အနက် ရာဇဝတ်မှုမရှိသူတွေကို တပ်မတော်ရေယာဉ်သင်္ဘောနဲ့ အမြန်ဆုံးပြန်လည်ခေါ်ဆောင်သွားမှာဖြစ်ပါတယ်။ မလေးရှားအစိုးရရဲ့ ကူညီစောင့်ရှောက်မှုတွေအတွက် မြန်မာနိုင်ငံဘက်က ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပြီး မြန်မာအလုပ်သမားတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေဟာ နှစ်နိုင်ငံစီးပွားရေးနဲ့ ချစ်ကြည်ရေးအတွက် အလွန်အရေးပါကြောင်း အသိအမှတ်ပြုခဲ့ကြပါတယ်။

**Think Tank အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲနှင့် အနာဂတ်အလားအလာ**

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ (Malaysia–Myanmar Coop–eration Dialogue)ကို မလေးရှားဝန်ကြီးချုပ်အိမ်တော်မှာ ဆက်လက်ကျင်းပခဲ့ရာ ISIS Malaysia နဲ့ MISIS တို့မှ ပညာရှင်တွေနဲ့ Think Tank အဖွဲ့အစည်းတွေ တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲမှာ ပထဝီနိုင်ငံရေးနဲ့ ပထဝီစီးပွားရေးဆိုင်ရာ ကိစ္စရပ်တွေ၊ ဒေသတွင်း ချိတ်ဆက်မှုတွေနဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြပါတယ်။ ဒီဆွေးနွေးပွဲဟာ အစိုးရချင်းဆက်ဆံရေးအပြင် ပညာရှင်တွေနဲ့ ပုဂ္ဂလိကကဏ္ဍတွေပါဝင်တဲ့ Track II လမ်းကြောင်းကနေတစ်ဆင့် နှစ်နိုင်ငံကြား အပြန်အလှန်နားလည်မှုနဲ့ ယုံကြည်မှုကို ပိုမိုခိုင်မာစေမယ့် အရေးပါတဲ့အစပြုမှုတစ်ခုလည်းဖြစ်ပါတယ်။

**သတင်းစာရှင်းလင်းပွဲနှင့် ဂုဏ်ပြုနေ့လယ်စာ**

ဆွေးနွေးပွဲတွေအပြီးမှာ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာ သတင်းမီဒီယာများနဲ့တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့ပါတယ်။ မလေးရှားဝန်ကြီးချုပ်က မြန်မာသမ္မတကြီးရဲ့ ခရီးစဉ်ဟာ အလွန်အရေးပါပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်ခိုင်မာစေခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မလေးရှားနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံတဲ့ ဂုဏ်ပြုနေ့လယ်စာစားပွဲကို အတူတကွသုံးဆောင်ခဲ့ကြပြီး နှစ်နိုင်ငံရိုးရာယဉ်ကျေးမှုအကအလှတွေနဲ့ ဖျော်ဖြေတင်ဆက်ခဲ့ကြပါတယ်။ ဂုဏ်ပြုနေ့လယ်စာစားပွဲက ပြန်လည်ထွက်ခွာရာမှာ မလေးရှားနိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာ လိုက်ပါပို့ဆောင်နှုတ်ဆက်တဲ့အပြင် ကျောင်းသား၊ ကျောင်းသူလေးများကလည်း နှစ်နိုင်ငံအလံများဝှေ့ယမ်းပြီး လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်နေတဲ့ မြင်ကွင်းပုံရိပ်ဟာ အင်မတန်မှနွေးထွေးလှတဲ့ ခံစားမှုကို ရရှိစေပါတယ်။

**ခရီးစဉ် အောင်မြင်စွာပြီးဆုံးခြင်း**

တရားဝင်ခရီးစဉ် (Official Visit) အောင်မြင်စွာ ပြီးဆုံးသွားတဲ့နောက်မှာ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ အထူးလေယာဉ်နဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ လေဆိပ်မှာ မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးနဲ့ တာဝန်ရှိသူတွေက ကော်ဇောနီခင်းပြီး ဂုဏ်ပြုတပ်ဖွဲ့ရဲ့ အလေးပြုမှုနဲ့ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

ဒီခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံကြား သံတမန်ရေးရာ၊ စီးပွားရေး၊ လုံခြုံရေးနဲ့ အလုပ်သမားရေးရာ ကိစ္စရပ်တွေမှာ အပြုသဘောဆောင်တဲ့ ရလဒ်ကောင်းတွေနဲ့ အောင်မြင်မှုကိုအပြည့်အဝဖော်ဆောင်နိုင်ခဲ့ပါတယ်။

**နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခြင်း**

အောက်တိုဘာ ၈ ရက် ညနေပိုင်းမှာ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့က နေပြည်တော်လေဆိပ်ကို အောင်မြင်စွာ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ လေဆိပ်မှာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့အပြင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နဲ့အတူ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူတွေပါ အသင့်စောင့်ဆိုင်းနေပြီး နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ မြန်မာ–မလေးရှား နှစ်နိုင်ငံကြားက ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနဲ့ အပြန်အလှန်ယုံကြည်လေးစားမှုကို ပိုမိုထင်ရှားစေခဲ့တဲ့ အမှတ်လက္ခဏာလည်းဖြစ်ပါတယ်။

အခုလို အာဆီယံအဖွဲ့ဝင် မိတ်ဖက်နိုင်ငံတစ်နိုင်ငံကို သွားရောက်ခဲ့တဲ့ ခရီးစဉ်ဟာ နှစ်နိုင်ငံကြား ရှိရင်းစွဲ ချစ်ကြည်ရေးကို ပိုမိုနက်ရှိုင်းစေရုံသာမက နယ်ပယ်စုံပူးပေါင်းဆောင်ရွက်မှုအသစ်တွေကိုပါ ထပ်မံတံခါးဖွင့်ပေးနိုင်ခဲ့တဲ့ အရေးပါသော သမိုင်းဝင်ခရီးစဉ်တစ်ခုလည်းဖြစ်ပါတယ်။ နှစ်နိုင်ငံကြား သမိုင်းအစဉ်အဆက် တည်ဆောက်ထားတဲ့ အပြုသဘောဆောင်သော သံတမန်ဆက်ဆံရေးနဲ့ နားလည်မှုတွေက နှစ်နိုင်ငံ အကျိုးစီးပွားကိုသာမက ဒေသတွင်း တည်ငြိမ်အေးချမ်းရေး အတွက်ပါ အထောက်အကူကောင်းတွေ ဖြစ်လာစေမှာ ကေန်အမှန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (၈-၁၀-၂၀၂၆)

**ရဲခေါင်**

ရှေ့ဖုံးမှအဆက်

( ဃ ) ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့်မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်းဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှထုတ်ပယ်ခံရခြင်း။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

( ခ ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀) တို့ပါ အချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်း ကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(င)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ-

(၁) မဲအများဆုံးရသူအနိုင်ယူစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က ခေါင်းစဉ်ပါ "နိုင်ငံရေးပါတီများ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ)ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈-က ၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"၈၈-ခ။ ကော်မရှင်သည်-

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂)အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ (က) ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကိုနုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---

❑ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေမှ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

( ဃ ) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်း ဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

( ခ ) ယင်းကိုယ်စားပြုပါတီဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉) နှင့် (၁၀)တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (င) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ-

(၁) မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်မှလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်း မရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ (ခ) ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့် အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က ခေါင်းစဉ်ပါ "နိုင်ငံရေးပါတီများ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ) ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈-က ၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈၈-ခ။ ကော်မရှင်သည်-

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ (က) ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမစနစ်ကိုအခြေခံ၍ စနစ်ကျသောစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ဒေသခံတောင်သူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တွေ့ဆုံဆွေးနွေး





နေပြည်တော် အောက်တိုဘာ ၁၀

တောင်သူများအနေဖြင့် စနစ်ကျသော စုပေါင်းစိုက်ပျိုးမှုဖြင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး ဦးတည်ဆောင်ရွက်ကြရန်၊ သမဝါယမအသင်းအစုအဖွဲ့ပုံစံ စုပေါင်းဆောင်ရွက်ကြရန်၊ လိုအပ်သည့်မျိုးကောင်းမျိုးသန့်၊ သွင်းအားစုဓာတ်မြေဩဇာနှင့် စက်သုံးဆီများအချိန်မီရရှိရေး သက်ဆိုင်ရာဌာနများနှင့် စုပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ပြောကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အင်္ဂလာကျေးရွာစာသင်ကျောင်း၌ ရောရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းများမှ အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံစဉ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ထိုသို့ပြောကြားခဲ့သည်။

ထို့နောက် ညောင်တုန်းမြို့နယ် စက္ကော့တောင်ကျေးရွာအုပ်စု အုန်းပင်စု ကျေးရွာရှိ ရောအောင်စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းသားတောင်သူများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး မိရိုးဖလာစိုက်ပျိုးရေးမှ စနစ်တကျစိုက်ပျိုးရေး၊ စက်မှုလယ်ယာစိုက်ပျိုးရေးသို့ ကူးပြောင်းဆောင်ရွက်ရန်၊ သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် သက်ဆိုင်သူအားလုံးစုပေါင်းဆောင်ရွက်ကြရန်၊ လာမည့်စိုက်ပျိုးရာသီတွင် Super El Niño (စူပါ အယ်လ်နီညို) ဆိုင်ရာ ရာသီဥတုပြောင်းလဲနိုင်မှုကို ကြိုတင်မြော်တွေးပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုများမထိခိုက်အောင် အသင်းသားတောင်သူများကို အသိပညာပေးခြင်း၊ ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ပေးရန်နှင့် ကျေးရွာပြည်သူများ အနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကို အလေးထား လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဓနုဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မရမ်းချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်တို့ မမြရေလှောင်တမံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**○ မမြရေလှောင်တမံမှ**

ဆည်ပေါင် ကားလမ်း၏ အလျား ပေ ၂၀၀ ခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ခြောက်ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် သုံးပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် ၎င်းနေရာမှပင် အလျား ပေ ၂၅၀၊ အနံ ၁၀ ပေခန့်မှထပ်မံ၍ယခင်နိမ့်ကျခဲ့သည့်ပမာဏ အပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့်သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေကို နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှရေထုတ်လွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ၎င်းရေများသည် ရေဝါချောင်းမှတစ်ဆင့် မမြချောင်း၊ မမြချောင်းမှတစ်ဆင့် ငဝန်မြစ်အတွင်းသို့ စီးဆင်းသွားခြင်းဖြစ်၍ ပတ်ဝန်းကျင်ကျေးရွာ စိုက်ဧကများ ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့ပြင် ရေလှောင်တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးစု၊ ကျေးရွာ ၁၈ ရွာ၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်စု၊ ကျေးရွာ ၇၁ ရွာ၊ စုစုပေါင်း ကျေးရွာအုပ်စု ၁၁ စုရှိ ကျေးရွာ ၈၉ ရွာမှ ပြည်သူများကို အုပ်ချုပ်ရေးအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဘေးကင်းစိတ်ချလုံခြုံရာနေရာများသို့ ရွှေ့ပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ရေးလုပ်ငန်းစဉ်များဖြစ်သည့် တာတမံ တာအခြေထောက်ခြင်း လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်စီးဆင်းရန်စက်ယန္တရားအသုံးပြု၍ တူးဖော်ဆောင်ရွက်နေမှု၊ ဆည်ရေဝင်ရောက်နိုင်သည့် ကျေးရွာများရှိ ဒေသခံပြည်သူများကို ရေလွတ်ရာ ကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးအုပ်ချုပ်ရေးကော်မတီများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ မျှင်ဝါးတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**✱ ကျောက်မျက်ရတနာပြပွဲမှ**

မွန်းလွဲပိုင်းတွင် တင်ဒါအမှတ်(၃)မှ ပုလဲအတွဲ ၁၀၀ ၏ အတွဲအမှတ်(၂၄၁)မှ အတွဲအမှတ် (၃၄၀)ထိလည်းကောင်း၊ တင်ဒါအမှတ် (၄)မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် (၃၄၁) မှ အတွဲအမှတ် (၄၆၀) ထိလည်းကောင်း တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ယနေ့တွင် ပုလဲအတွဲ ၁၉၆ တွဲရောင်းချခဲ့ရကြောင်း ကြေညာပေးခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများတင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့်တင်ဒါအောင်သည့် ပုလဲအရောင်းစာရင်းများ ထုတ်ပြန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ပြပွဲစတုတ္ထနေ့တွင် တင်ဒါအမှတ် (၅) မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် (၄၆၁) မှ အတွဲအမှတ်(၅၈၀)ထိကိုလည်းကောင်း၊ တင်ဒါအမှတ်(၆)မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ်(၅၈၁)မှ အတွဲအမှတ်(၇၀၀)ထိ လည်းကောင်း၊ ပြပွဲပဥ္စမနေ့တွင် ကျောက်မျက်အတွဲ ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အတူ အုပ်စု (အေ၊ ဘီ၊ စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်းအတွဲ ၁၀၇၃ တွဲအနက် အုပ်စု(အေ)နှင့် အုပ်စု (ဘီ) မှ ကျောက်စိမ်းအတွဲ ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်ထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်ထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိကကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါမြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ စတင်ကျင်းပခဲ့ရာ အောက်တိုဘာ ၁၇ ရက်ထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက် ပညာလဲပေး၊ ဗဟုသုတလဲရ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုင်ခြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကြယ်ကြယ်၊ ကာတွန်းလွမ်းမောင်(သုဝဏ္ဏ)နှင့် ကာတွန်းရွှေကြိုးကြာတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ဘအန်း-ပုသိမ်၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ ရဲဘော်-မြသိန်း(ဟိုပုံး)၊ ချစ်စုအောင်၊ ကန့်ဘလူခင်မောင်ဆွေနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၆-၁၀-၂၀၁၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၃၈)ထွက်ပြီ။

အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ




| ထူးခြားသည့် နေ့အပူချိန်များ (၁၀ - ၁၀ - ၂၀၁၆) | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဖောင်းတူ | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဖြူး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

# ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာရှိ ၁၆ မိုင် အနီးပတ်ဝန်းကျင်တွင် ဌာနပေါင်းစုံမှ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မန္တလေး အောက်တိုဘာ ၁၀**

ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ ၁၆ မိုင်အနီးပတ်ဝန်းကျင်တွင် ယနေ့နံနက်ပိုင်းက ဌာနပေါင်းစုံဝန်ထမ်းများက စက်ယန္တရားများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များအလိုက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားရှိမှု ကြည့်ရှုစစ်ဆေး



**မန္တလေး အောက်တိုဘာ ၁၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးတင်အောင်သည် အထွေထွေမန်နေဂျာ (အင်/ယာ၊ဓာတ်/ဖြန့်) ဦးသန်းဇော်မျိုး၊ မန္တလေးခရိုင် လျှပ်စစ်မန်နေဂျာ၊ မန္တလေးခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၉ နာရီတွင် မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ရောက်ရှိပြီး ခရိုင်၊ မြို့နယ်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးထားမှုများ၊ လျှပ်စစ်ဓာတ်အားခကောက်ခံမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး၊ စဉ်ဆက်မပြတ်ဓာတ်အားပေးနိုင်ရေး၊ ဗို့အားပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သည်များ စစ်ဆေးမှာကြားခဲ့သည်။

ထို့နောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ၃၃/၁၁ ကေဗွီ(၂၀+၁၀+၁၀) အမ်ဗွီအေ ဝါခင်းကုန်း(၁) ဓာတ်အားခွဲရုံ ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေများ၊ ၈၃ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြားတွင် System Improvement အနေဖြင့် ၁၁/သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး အသစ်တည်ဆောက်ခြင်းဆောင်ရွက်နေမှု၊ ၇၅ လမ်းနှင့် ၂၈ လမ်းထောင့်ရှိ ၁၁/ သုည ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေထရန်စဖော်မာအထွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းများ ကြည့်ရှုစစ်ဆေးပြီး ပြည်သူများအားအလှည့်ကျ ဓာတ်အားပေးသည့်အချိန်တွင် အပြည့်အဝဓာတ်အားရရှိစေရေးအတွက် ထရန်စဖော်မာဝန်အားမျှခြင်းလုပ်ငန်း၊ လိုင်းကြိုးများတင်းခြင်း၊ ရှုပ်ထွေးဆားဗစ်များရှင်းလင်းခြင်း၊ လိုင်းအဆက်များ ခိုင်မြဲစေရေးတို့ကို စနစ်တကျဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "qwertyuiopasdfghjklzxcvbnm" Tik-Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လက်ပံကျေးရွာနေ ချစ်ဆွေ ခေါ် ခလီလွလ်လာကို ည ၉ နာရီ ၃၅ မိနစ်တွင် ချောင်းခွနယ်မြေရဲစခန်းက တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှုလျော့ပါးရေးအပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံတည်ရှိနေသည့်အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့်လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးကို ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော်၌ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန် ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီခွဲနောက်ဆုံးထား၍ အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

**ဆက်သွယ်ရန်** - ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ



ဖလမ်း အောက်တိုဘာ ၁၀

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ဖလမ်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ ရုံးနှင့် ရုံးပတ်ဝန်းကျင်သန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းတွင် ပူးပေါင်းအင်အားဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။

ချင်းပြည်နယ် ဖလမ်းမြို့ ယာယီဆေးရုံအတွက် လျာထားသည့်ခြောက်ခန်းတွဲ နှစ်ထပ်အိမ်ရာအတွင်း၊အပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှု၊ လမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှု၊ မြို့နယ်လမ်းဦးစီးဌာနရုံးပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဖလမ်းခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့မြေနေရာသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆယ်တင်ပစ္စည်းများ စနစ်တကျဖယ်ရှားနေရာချထားနေမှု၊ မြို့နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်လမ်းဦးစီးဌာနရုံးသန့်ရှင်းရေးဆောင်ရွက်နေမှု၊ တောင်ဇလပ်ရိပ်သာနှင့် ရိပ်သာပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးနေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ချင်းပြည်နယ်လျှပ်စစ်၊စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့်ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များသည် ချင်းပြည်နယ် ဖလမ်းမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ဖလမ်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ ဖလမ်းမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၊ ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှုကိုလည်းကောင်း၊ခရိုင်တိုင်းရင်းဆေးကုဌာနရုံးအဆောက်အအုံ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးနှင့် ပစ္စည်းအရည်အသွေး၊ လုပ်ငန်းအရည်အသွေးကောင်းမွန်စေရေး၊ စနစ်တကျဆောင်ရွက်ရန်မှာကြားကာ ဖလမ်းခရိုင်မီးသတ်ဦးစီးဌာနက မီးလောင်မှုဖြစ်ပါက မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

☆ **ကျောဖုံးမှအဆက်**

သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အဆင့်အလိုက် ပင်းဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊အမျိုးသား၊ အမျိုးသမီး ကွာတားအဆင့်ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ၊ အမျိုးသားဗန်တိုအတိုက် (က)တန်း၊ အမျိုးသားဗန်တိုအတိုက် (ခ)တန်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက်(ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက် အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက် (က)တန်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ ခွဲမှူးဆရာအဆင့်လက်ရည်ပညာစဉ်စွမ်းရည်ပြပြိုင်ပွဲနှင့် တစ်ယောက် ငါးယောက်အတွဲတိုက်စွမ်းရည်ပြပြိုင်ပွဲများကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲတွင် လူသစ်တန်း၊အကြီးတန်း၊ အသင်းလိုက် "ကုမိတဲ့"ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် လူသစ်တန်း၊ အကြီးတန်း၊ အသင်းလိုက် "ခတ"ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊စံပယ်(၆)အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် လေးပေါက်တန်းပြိုင်ပွဲ၊ အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲများကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

၅၆ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် မိနစ် ၉၀ အချိန်ပြည့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ထို့နောက် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊အရာရှိ၊စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၉)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် နိုင်ငံ့သားကောင်းရတနာများကို အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀** ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၉)သို့ တက်ရောက်ကြမည့် ရောဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့ သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ရှိမ်းအား အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# မှော်ဘီမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀** တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောက်ချောကုန်းကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ သံဃာတော် ၁၀ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် လေးပါး၊ ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေကြည်ကျေးရွာအုပ်စုရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးရေ ၅၀ ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀** တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် လေးမြို့နယ်ရှိ ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် အခြေခံပညာကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများနေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ရေဘေးသင့်ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-လောင်းလုံး-ကျောက်နီမော်- ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍လမ်းပိတ်ခြင်းနှင့်လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည့် နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အပျက်အစီးများဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး သောက်သုံးရေများဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့ဝန်းကျင်ဒေသရှိ သဗျာ၊ ပညွင်း၊ ညွှင်းမော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်းကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်ရှိ ရေဘေးသင့်ဒေသခံပြည်သူများကိုလည်း နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သရက်ချောင်းမြို့နယ် ရေဘေးသင့်ဒေသခံပြည်သူများကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး သရက်ချောင်းမြို့အတွင်း မြစ်ရေမြင့်တက်ချိန်တွင် နစ်မြုပ်ခဲ့သည့် နေရာများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖြဝ)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၀**

သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များမျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ဇမ္ဗူသီရိ)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာစဉ်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိခဲ့ရပါသည်-

"ကျွန်တော့် နာမည်ကတော့ မောင်ထက်ပိုင်စိုးဖြစ်ပါတယ်ခင်ဗျ။အထက (၅) ဇမ္ဗူသီရိမြို့နယ် Grade 11(A )မှာ ပညာသင်ကြားနေပါတယ်။ ကျွန်တော်တို့ ကျောင်းသားတွေအနေနဲ့ ဒီစစ်သမိုင်းပြတိုက်ကို လာရောက်တဲ့အခါမှာ ကြည်း၊ ရေ၊ လေနဲ့ ပတ်သက်ပြီးတော့ ခင်းကျင်းပြသမှုတွေကို တွေ့ရှိခဲ့ရပါတယ်။ အဲ့ဒီနေရာမှာဆိုရင် ကျွန်တော်တို့ တပ်မတော်ကြည်းနဲ့ပတ်သက်တာသော်လည်းကောင်း၊ ရေနဲ့ပတ်သက်တာ သော်လည်းကောင်း၊ လေနဲ့ပတ်သက်တာ သော်လည်းကောင်း ခေတ်အဆက်ဆက်အသုံးပြုခဲ့တဲ့ ကိရိယာ





တန်ဆာပလာတွေ၊ လက်နက်ပစ္စည်းတွေ ပြီးရင် အသုံးအဆောင်တွေ လေ့လာခဲ့ရတဲ့အတွက် ကျောင်းသားတွေအနေနဲ့အကျိုးရှိခဲ့ပါတယ်။ ဒ့ါပြင် ကျွန်တော်တို့ ကြည်း၊ ရေ၊ လေထဲက ကျွန်တော်အကြိုက်ဆုံးအရာလေးကတော့ ကြည်းတပ်က သံချပ်ကာပြခန်းကို ပိုပြီးတော့ကြိုက်နှစ်သက်ပါတယ်ဗျ။ ပထမဆုံးအနေနဲ့ ကျွန်တော်တို့ လေ့လာရေးခရီးကို စီစဉ်ပေးကြတဲ့ အထက်လူကြီးအားလုံးကို ကျေးဇူးတင်ပါတယ်။ လေ့လာရေးခရီးကို ကျွန်တော်တို့ လူငယ်တွေအနေနဲ့ အကျိုးရှိတယ်လို့ထင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ နောက်နောင်တွေမှာလဲ ဒီလိုမျိုးလေ့လာရေးခရီးတွေ ဆက်လက်လုပ်ပေးမယ်လို့လဲ မျှော်လင့်မိပါတယ်ဗျ"ဟု ပြောသည်။

"သမီးကတော့ အထက (၅) ဇမ္ဗူသီရိက Grade 11(A)မှာ ပညာသင်ကြားနေတဲ့ မသိမ့်နဒီအောင်ပဲဖြစ်ပါတယ်။ အခုလို စစ်သမိုင်းပြတိုက်ကို ညီအစ်ကိုမောင်နှမတွေ အကုန်လုံးနဲ့ လာရတဲ့အတွက် သမိုင်းကြောင်းတွေကိုလဲ လေ့လာမိပါတယ်။ လေယာဉ်တွေကို အပြင်မှာတွေ့ခဲ့ရတဲ့အတွက်လဲ လေ့လာမှတ်သားဖြစ်ပါတယ်။ ပုံမှန်ဆိုလို့ရှိရင် သမီးတို့ စာတွေမှာသင်နေကြရသလိုမျိုးမဟုတ်ဘဲနဲ့ အပြင်မှာတွေ့ရတဲ့အတွက်လဲ ဗဟုသုတအများကြီးရရှိပါတယ်"ဟု ပြောသည်။ (ဖြဝ)

# ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၅၁၀ တန်ဖိုး၊ လားရှိုးမြို့တွင် ငွေကျပ် ၆၇၅ သိန်းတန်ဖိုး၊ စမ်းချောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



စိုင်းဆမ်ရှန်ကို သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။



အောင်ကိုကိုညီ၊ မဟန်နီစိုး ခေါ် ဟွမ်ခမ်း၊ ကျော်နိုင်ခေါ် အားစွင့်တို့ကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး HAPPY WATER များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၅၁၀ တန်ဖိုး၊ လားရှိုးမြို့တွင် ငွေကျပ် ၆၇၅ သိန်းတန်ဖိုး၊ စမ်းချောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းရွာအနီးတွင် မိုင်းပျဉ်းမြို့နယ် ဝမ်ပုံရွာနေ စိုင်းဆမ်ရှန် ၄၂ နှစ် မောင်းနှင်လာသော TOYOTA HILUX VIGO အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၅၁ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၁၀) ဖမ်းဆီးရမိသဖြင့် စိုင်းဆမ်ရှန်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၁) လားရှိုး-မယ်ဟန်သွားကားလမ်းတွင် ကွတ်ခိုင်မြို့ ရပ်ကွက်(၃)နေသူများဖြစ်သည့် အောင်ကိုကိုညီ ၃၇ နှစ်မောင်းနှင်ပြီး မဟန်နီစိုး ခေါ် ဟွမ်ခမ်း ၁၉ နှစ် လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်နှင့် လားရှိုးမြို့ ရပ်ကွက်(၇)နေ ကျော်နိုင် ခေါ် အားစွင့် ၃၁ နှစ် မောင်းနှင်လာသော KENBO SCOPPY အမျိုးအစား ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ သုံးဦး သယ်ဆောင်လာသည့် စိတ်ပြောင်းဆေးဝါး HAPPY WATER ၁ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၆၇၅ သိန်း) ဖမ်းဆီးရမိသဖြင့် အောင်ကိုကိုညီ၊ မဟန်နီစိုး ခေါ် ဟွမ်ခမ်း၊ ကျော်နိုင် ခေါ် အားစွင့်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် သတင်းအရ စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်)ရပ်ကွက် ဗဟိုလမ်းမကြီးအတိုင်း လမ်းလျှောက်လာသူ ကြည့်မြင်တိုင်မြို့နယ် သာစု(အရှေ့)ရပ်ကွက်နေ မသန်းသန်းထွေး ခေါ် သေးသေး ၂၉ နှစ်ကို စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၀၀) ဖမ်းဆီးရမိသဖြင့် မသန်းသန်းထွေး ခေါ် သေးသေးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးမှုပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ခြောက်ထပ် အဆောက်အအုံကို မဖြိုဖျက်မီ တွေ့ရစဉ်။

❖ **ဖြိုချဖျက်ဆီးမှု**

ဆက်လက်၍ စနစ်တကျဆက်လက် ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံး၊ လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ ဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
# (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန)
# သင်တန်းလျှောက်လွှာများခေါ်ယူခြင်း

| | | |
|---|---|---|
| ၁ | **သင်တန်းအမည်** | **Diploma in English Course No. 78 (Basic Level) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစစ်ရန်နှင့်ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | ( ၂ - ၁၁ -၂၀၂၆ )ရက်နေ့ မှ(၂၀ - ၁၁ -၂၀၂၆) ရက်နေ့ထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၂၈-၁၁-၂၀၂၆ ရက်(စနေနေ့)နံနက်(၉ : ၀၀ မှ ၁၁ :၀၀ )နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၆-၁-၂၀၂၇)စနေနေ့ နံနက်(၉ : ၀၀ မှ ၁၂ : ၀၀)နာရီထိ |
| ၂ | **သင်တန်းအမည်** | **Diploma in English Course No. 79 (Basic Level) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစစ်ရန်နှင့်ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | ( ၂ - ၁၁ -၂၀၂၆ )ရက်နေ့မှ(၂၀ - ၁၁ -၂၀၂၆ ) ရက်နေ့ထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၂၈-၁၁ -၂၀၂၆ ရက် (စနေနေ့) မွန်းလွဲ(၁ : ၀၀မှ၃ :၀၀)နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၆-၁-၂၀၂၇) စနေနေ့ မွန်းလွဲ (၁ : ၀၀ မှ ၄ : ၀၀)နာရီထိ |
| ၃ | **သင်တန်းအမည်** | **Postgraduate Diploma in English Course No. 69 (Basic Level) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ဒီဂရီရပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစစ်ရန်နှင့်ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၂-၁၁-၂၀၂၆)ရက်နေ့ မှ(၂၀-၁၁-၂၀၂၆ )ရက်နေ့ထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၂၈-၁၁-၂၀၂၆ ရက်(စနေနေ့)မွန်းလွဲ(၁ : ၀၀ မှ ၃ :၀၀ )နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၆-၁-၂၀၂၇)စနေနေ့ မွန်းလွဲ (၁:၀၀ မှ ၄ : ၀၀)နာရီထိ |
| ၄ | **သင်တန်းအမည်** | **ကွန်ပျူတာသင်တန်းအခြေခံအမှတ်စဉ်(၁၂၄) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၆-၁-၂၀၂၇) စနေ၊တနင်္ဂနွေ နံနက်(၉:၀၀မှ၁၂:၀၀)နာရီထိ |
| ၅ | **သင်တန်းအမည်** | **ကွန်ပျူတာ Advanced Excel သင်တန်းအမှတ်စဉ်(၁၆) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး **Basic Computer** သင်တန်းဆင်းလက်မှတ်ရရှိပြီးသူဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၆-၁ - ၂၀၂၇) စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀မှ၁၂:၀၀)နာရီထိ |
| ၆ | **သင်တန်းအမည်** | **ကွန်ပျူတာသင်တန်းအဆင့်မြင့်အမှတ်စဉ်(၁၀၉) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး **Basic Computer** သင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၆-၁-၂၀၂၇) စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| ၇ | **သင်တန်းအမည်** | English Language Proficiency Course No.55(Weekends) |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၆-၁-၂၀၂၇)စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| ၈ | **သင်တန်းအမည်** | တရုတ်၊ ပြင်သစ်၊ ဂျာမန်၊ ကိုရီးယား နှင့် ရုရှားဘာသာစကား ကျွမ်းကျင်မှုသင်တန်း **Basic Level-I, No.70 (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၆-၁- ၂၀၂၇)စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| ၉ | **သင်တန်းအမည်** | **Basic Course for Phonetics and Phonology, No. 8 (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၆-၁-၂၀၂၇)စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀) နာရီထိ |

**Postgraduate Diploma in English Course & Diploma in English Course** သင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာများကို(၂-၁၁-၂၀၂၆)ရက်နေ့မှ (၂၀-၁၁-၂၀၂၆)ရက်နေ့အထိလည်းကောင်း၊ **English Language Proficiency Course**၊ ကွန်ပျူတာသင်တန်းများ၊ ဘာသာစကားကျွမ်းကျင်မှု သင်တန်းများနှင့် **Basic Course for Phonetics and Phonology** သင်တန်းများအတွက် လျှောက်လွှာများကို(၂-၁၁-၂၀၂၆)ရက်နေ့မှ(၁၃-၁-၂၀၂၇)ရက်နေ့အထိလည်းကောင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်ဖြစ်သည်။ (ပညာအရည်အချင်းအတွက် အောင်လက်မှတ် (သို့) ဘွဲ့ရလက်မှတ် မိတ္တူကို မူရင်းနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၄)ပုံ ယူဆောင်လာရမည်ဖြစ်သည်။) တီရှပ် (သို့) စပို့ရှပ်ဖြင့် ရိုက်ကူးထားသော ဓာတ်ပုံများကို လုံးဝ(လုံးဝ) လက်ခံမည် မဟုတ်ပါ။

စုံစမ်းမေးမြန်းရန် – **CHRD** ရုံးခန်း၊ ၀၉-၃၃၀၃၉၉၇၇

အေးအေးသန့်
အတွင်းရေးမှူး
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၅၇၁၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၅၇၁၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၅၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၇၁၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၅ ဒသမ ၁၅ တင်း ထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၇၅၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက် ကင်းရှင်းစေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# နောင်မွန်မြို့နယ် ထန်ထုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**နောင်မွန် အောက်တိုဘာ ၁၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်ထုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၈ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၁ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၁ ဒသမ ၉ သန်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုံးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၈ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်



















# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြ အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ နေကြာ ၆၇၅၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ နေကြာစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ နေကြာစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့၊ ပိုးမွှားကျရောက်မှု ကင်းရှင်းဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါမယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့် က ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့် က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ချစ်စရာ့အရွယ် စာဖတ်မယ်

## ဆင်ကလေးဖိုးကံနှင့် ကိုယ်ချင်းစာတရား

သားသား မီးမီးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"ဆင်ကလေးဖိုးကံနှင့် ကိုယ်ချင်းစာတရား"**ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက စိမ်းလန်းစိုပြည်ပြီး သစ်ပင်ကြီးတွေပေါက်ရောက်နေတဲ့ တောအုပ်ကြီးတစ်ခု ရှိသတဲ့ကွယ်။ အဲဒီတောအုပ်ထဲမှာ တိရစ္ဆာန်လေးတွေဟာ အတူတူဆော့ကစားပြီး ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြသတဲ့ကွယ်။ အဲဒီအထဲမှာ ဖိုးကံလို့ခေါ်တဲ့ ဆင်ပေါက်စလေးတစ်ကောင်ရှိပါသတဲ့။ ဖိုးကံက အကောင်လည်းကြီး၊ ခွန်အားဗလလဲကောင်းတာကြောင့် တောအုပ်ထဲမှာ သူ့ကိုယ်သူအတော်ဆုံးလို့ ထင်နေတာပေါ့ကွယ်။

တောအုပ်ထဲမှာ ဖိုးကံတင်မက မျောက်ကလေးမောင်ကောက်၊ ကြံ့ကလေးဖိုးမဲနဲ့ ကိုယ်ပေါ်မှာ ဆူးအချွန်လေးတွေပါတဲ့ ဖြူကောင်လေးဖိုးဆူးတို့လဲ ရှိကြပါသတဲ့။ သူတို့အားလုံးဟာ နေ့တိုင်းသစ်ပင်ကြီးအောက်မှာစုဝေးပြီး သစ်သီးတွေရှာဖွေစားသောက်လေ့ရှိကြပါသတဲ့ကွယ်။

တစ်နေ့မှာတော့ ဖိုးကံကသစ်ပင်အမြင့်ကြီးပေါ်က သစ်သီးတွေကို သူ့ရဲ့နှာမောင်းကြီးနဲ့လှမ်းဆွဲပြီး ခူးစားနေသတဲ့။ အဲဒီအချိန်မှာ အကောင်သေးငယ်လှတဲ့ ဖိုးဆူးလေးရောက်လာပြီး မြေကြီးပေါ်ပြုတ်ကျနေတဲ့ သစ်သီးလေးတွေကို လိုက်ကောက်နေပါသတဲ့ကွယ်။ ဖိုးကံက ဖိုးဆူးကိုမြင်တဲ့အခါ နှာခေါင်းရှုံ့ပြီး "ဖိုးဆူးမင်းကအကောင်လဲသေးတယ်၊ ခွန်အားလဲမရှိဘူး။ တောအုပ်ထဲမှာ ဘာအသုံးကျမှာလဲ" လို့ အထင်သေးတဲ့လေသံနဲ့ ပြောလိုက်ပါသတဲ့ကွယ်။

ဖိုးကံရဲ့စကားကြောင့် ဖြူကောင်လေးဖိုးဆူးဟာ စိတ်မကောင်းဖြစ်သွားပြီး ခေါင်းလေးငုံ့ကာ အဝေးကို လျှောက်သွားပါသတဲ့ကွယ်။ မျောက်ကလေးမောင်ကောက်နဲ့ ကြံ့ကလေးဖိုးမဲတို့က ဖိုးကံကို "ဖိုးကံအကောင်သေးပေမဲ့လဲ သူ့နေရာနဲ့သူ အသုံးဝင်တာပဲ၊ အဲဒီလို မပြောရဘူးလေ" လို့ တားမြစ်ပေမဲ့ အင်အားကြီးတဲ့ဖိုးကံကတော့ ဂရုမစိုက်ဘဲ ရယ်မောနေပါတော့သတဲ့ကွယ်။

နောက်ရက်တွေမှာလဲ ဖိုးကံက အကောင်သေးငယ်တဲ့ဖိုးဆူးကိုတွေ့ရင် အဖက်မလုပ်ဘဲ လျစ်လျူရှုထားလေ့ရှိပါသတဲ့။ ဖိုးဆူးက ကူညီဖို့ အနားလာရင်လဲ "မင်းအကူအညီမလိုဘူး" ဆိုပြီး မောင်းထုတ်ပစ်သတဲ့ကွယ်။ ဖိုးဆူးလေးဟာ ဖိုးကံရဲ့ ဆက်ဆံမှုကြောင့်ဝမ်းနည်းမိပေမဲ့ ဖိုးကံအပေါ် စိတ်ဆိုးအငြိုးထားခြင်းမရှိဘဲ သူ့အလုပ်သူလုပ်ကိုင်နေတာပေါ့ကွယ်။

တစ်နေ့မှာတော့ ဖိုးကံဟာ တောအုပ်အစွန်က မျှစ်ချိုလေးတွေကိုစားချင်တာကြောင့် ချုံပုတ်ထူထူတွေရှိတဲ့နေရာကို တစ်ယောက်တည်း လမ်းလျှောက်သွားပါသတဲ့ကွယ်။ ဖိုးကံက မျှစ်တွေကိုပဲအာရုံစိုက်ပြီးလျှောက်သွားရင်းနဲ့ ခြုံပုတ်ထဲမှာ



မြုပ်နေတဲ့ ဝါးဆူးချွန်ကြီးကိုမမြင်ဘဲ နင်းမိလိုက်ပါသတဲ့။ "အား... နာလှချည်ရဲ့" ဆိုပြီး ဖိုးကံဟာ အကျယ်ကြီး အော်ဟစ်လိုက်ပါသတဲ့ကွယ်။

ဖိုးကံရဲ့ ခြေဖဝါးအသားနုနုထဲကို မာကြောပြီး ရှည်လျားတဲ့ ဝါးဆူးချွန်ကြီးစူးဝင်သွားတာပေါ့ကွယ်။ ဖိုးကံဟာ နာကျင်လွန်းလို့ မြေကြီးပေါ်လဲကျသွားပြီး ခြေထောက်တစ်ဖက်ကိုမကာ ငိုယိုနေပါတော့သတဲ့။ သူ့ရဲ့ခွန်အားကြီးတဲ့နှာမောင်းနဲ့ ဆူးကိုနှုတ်ဖို့ကြိုးစားပေမဲ့ ဆူးကအသားထဲကို နက်နက်ရှိုင်းရှိုင်း စူးဝင်နေတာကြောင့် နှုတ်လို့မရပါဘူးပေါ့ကွယ်။ ခွန်အားတွေဘယ်လောက်ပဲရှိရှိ အခုလို ဆူးစူးတဲ့ အခါမှာတော့ ဖိုးကံဟာဘာမှမတတ်နိုင်ဘဲ အကူအညီမဲ့နေပါတော့သတဲ့ကွယ်။

ဖိုးကံရဲ့အော်ဟစ်ငိုယိုသံကို အဝေးကနေကြားရတဲ့အခါ မောင်ကောက်နဲ့ ဖိုးမဲတို့ အပြေးအလွှားရောက်လာကြပါသတဲ့ကွယ်။ ဖိုးမဲက သူ့ရဲ့ ချိုကြီးနဲ့ ဆူးကိုကုတ်ဆွဲဖို့ကြိုးစားပေမဲ့ ချိုက ကြီးလွန်းလို့ ဆူးကိုကုတ်ဆွဲလို့မရဘူးပေါ့ကွယ်။ မောင်ကောက်ကလဲ သူ့ရဲ့လက်သည်းလေးတွေနဲ့ ဆွဲနှုတ်ဖို့ကြိုးစားပေမဲ့ ဆူးကမာလွန်းလို့မရဘဲ ဖြစ်နေပါသတဲ့ကွယ်။ အဲဒီအချိန်မှာ ဖြူကောင်လေး ဖိုးဆူးကအခြေအနေကိုမြင်ပြီး အနားကိုအပြေးရောက်လာပါသတဲ့ကွယ်။

ဖိုးကံက ဖိုးဆူးကိုမြင်တဲ့အခါ အရင်က သူ့အပေါ် ဂရုမစိုက်ခဲ့တာတွေကိုသတိရပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားပါသတဲ့ကွယ်။ ဒါပေမဲ့ ဖိုးဆူးကတော့ အငြိုးအတေးမထားဘဲ "ဖိုးကံမငိုနဲ့တော့နော်၊ ငါ မင်းကို ကူညီပါ့မယ်" လို့ ကြင်နာစွာပြောလိုက်သတဲ့။ ဖိုးဆူးဟာ သူ့ရဲ့ခန္ဓာကိုယ်ပေါ်က သေးငယ်ပြီးခိုင်မာတဲ့ ဆူးချွန်လေးတစ်ချောင်းကို သေသေချာချာ ထုတ်ယူလိုက်ပါသတဲ့ကွယ်။

ဖိုးဆူးက သူ့ရဲ့ဆူးချွန်လေးကိုအသုံးပြုပြီး ဖိုးကံရဲ့ခြေဖဝါးထဲက ဝါးဆူးချွန်ကြီးကိုလှုပ်ကာ၊ လှုပ်ကာနဲ့ ဖြည်းဖြည်းချင်းကလော်ထုတ်ပေးတာပေါ့။ အကောင်သေးငယ်တဲ့ဖိုးဆူးရဲ့ ကျွမ်းကျင်မှုကြောင့် သိပ်မကြာခင်မှာပဲ ဖိုးကံကိုနာကျင်စေတဲ့ ဝါးဆူးချွန်ကြီးဟာအပြင်ကို ကျွတ်ထွက်သွားပါတော့သတဲ့ကွယ်။ ဖိုးကံဟာချက်ချင်းပဲ သက်သာရာရသွားပြီး ဝမ်းသာအားရနဲ့မျက်ရည်တွေကို သုတ်လိုက်ပါသတဲ့။ သူတစ်ပါးကိုဂရုမစိုက်ခဲ့မိတဲ့အတွက်ဖိုးကံဟာ နောင်တအကြီးအကျယ်ရသွားပါတော့သတဲ့ကွယ်။

ဝါးဆူးချွန်ကြီး ကျွတ်ထွက်သွားပြီးတဲ့နောက် ဖိုးကံဟာ မြေကြီးပေါ်ကနေထရပ်လိုက်ပါသတဲ့။ ပြီးတော့ ဖိုးဆူးရဲ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး "ဖိုးဆူး ငါအရင်က မင်းကိုအကောင်သေးတယ်ဆိုပြီး အထင်သေးဂရုမစိုက်ခဲ့မိတာတွေကို အများကြီးတောင်းပန်ပါတယ်။ အခုလို ငါ့ကိုကယ်တင်ပေးတဲ့အတွက်လဲ တကယ်ကျေးဇူးတင်ပါတယ်" လို့ လေသံပျော့ပျော့လေးနဲ့ ဝန်ခံပြောဆိုလိုက်ပါသတဲ့ကွယ်။

ဖိုးဆူးကပြုံးပြီး "ရပါတယ် ဖိုးကံရယ် တောအုပ်ထဲမှာ နေကြတဲ့သူငယ်ချင်းတွေပဲဟာ၊ တစ်ယောက်ဒုက္ခရောက်ရင် တစ်ယောက်ကူညီရမှာပေါ့" လို့ ကိုယ်ချင်းစာတရားအပြည့်နဲ့ ပြန်ပြောလိုက်ပါသတဲ့။ အဲဒီအချိန်ကစပြီး ဖိုးကံဟာ အကောင်ကြီးတာ ငယ်တာကိုမကြည့်ဘဲ တောအုပ်ထဲက သတ္တဝါလေးတွေအားလုံးအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်သွားပါသတဲ့ကွယ်။

တောအုပ်လေးထဲမှာ သူတို့သူငယ်ချင်းတွေအားလုံး အတူတူ သီချင်းဆို၊ ဆော့ကစားရင်းနဲ့ အရင်ကထက် ပိုမိုစည်းလုံးပျော်ရွှင်သွားကြပါသတဲ့။ ဖိုးကံဟာ အင်အားကြီးတာထက် သူတစ်ပါးအပေါ် ကိုယ်ချင်းစာပြီး ကူညီရိုင်းပင်းတတ်တဲ့ စိတ်ထားကသာ အဖိုးအတန်ဆုံးဖြစ်မှန်း ကောင်းကောင်းကြီး သိရှိသွားပါတော့သတဲ့ကွယ်။

ပုံပြင်လေးရဲ့သင်ခန်းစာကတော့ အင်အားကြီးမားခြင်းထက် သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားထားပြီး ကူညီရိုင်းပင်းခြင်းကသာ အားလုံးရဲ့ ချစ်ခင်မှုကိုရရှိစေပြီး ပိုမိုလှပတဲ့ လူမှုပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ပါသတဲ့ကွယ်။ ။

**ဒေါက်တာအောင်ညွန့်ပိုင်**

## ဘုရားပွဲဈေး

- ချိုးရုပ်ကလေး ဝယ်ကြမယ်
  ဘုရားဈေးမှာကွယ်။
- အိုးပုတ်လေးရယ် မြင်ပြန်က
  ဝယ်ချင်ပြန်သဗျ။
- ကရေကရာ မုန့်သိုင်းခြုံ
  ဝယ်စရာက စုံ။
- လေအိတ်ပေါ်ခုန် ဆော့ကစား
  ပွဲဈေးပျော်ပျော်ပါး
  ဘုရားဖူးမယ်ဗျား။ ။



**သုတလင်း(ဆင်ပေါင်ဝဲ)**

## စာအုပ်စာပေ ဖတ်ကြမယ်

- အမှန်အမှား သိရှိရာ
  အတတ်ပညာရှာ၊
  ဘဝလမ်းမှာ အမှောင်ခွင်း
  စာပေမြတ်အလင်း။
- ဖြူစင်ရင်တွင်း ကောင်းခြင်းတွေ
  ပြည့်ဝဉာဏ်စွမ်းဖွေ၊
  စာအုပ်စာပေ ဖတ်သမျှ
  ဗဟုသုတရ၊
  ဘဝလမ်းလေးလှ။ ။



**ရွှေမြိုင်စိမ်းလဲ့ကို**

# တစ်နိုင်ငံလုံးရှိ ပရိယတ္တိစာသင်တိုက်များအား

# ၂၀၂၇ ခုနှစ်၊ ဇူလိုင်လမှစ၍ အတွဲပေါင်း (၃၀) ပိဋကတ်စာအုပ်ပေါင်း ၉ သိန်း လှူဒါန်းသွားမည်

## အစိုးရပါဠိပထမပြန်စာမေးပွဲ

၁။ အခြေပြုမူလတန်း (၁၀)ပါး/ (၁၀)ပါးအထက် အောင်မြင်သည့်စာသင်တိုက်။

၂။ ပထမငယ်တန်း (၉)ပါး/ (၉)ပါးအထက် အောင်မြင်သည့်စာသင်တိုက်။

၃။ ပထမလတ်တန်း (၈)ပါး/ (၈)ပါးအထက် အောင်မြင်သည့်စာသင်တိုက်။

## ပိဋကတ်စာအုပ်များ လှူဒါန်းမည့် အစီအစဉ်

(က) ၂၀၂၇ ခုနှစ်၊ ဝါဆိုလမှစ၍ ၂၀၄၁ ခုနှစ်အထိ (၁၅)နှစ်တိတိ မန္တလေး (၇)မြို့နယ်ရှိ စာသင်တိုက်များကို နှစ်စဉ်လှူမည်။

(ခ) ၂၀၃၀ ခုနှစ်၊ ဝါဆိုလမှစ၍ ၂၀၄၁ ခုနှစ်အထိ (၁၂)နှစ်တိတိ တစ်နိုင်ငံလုံးရှိ စာသင်တိုက်များအား နှစ်စဉ်လှူမည်။

(ဂ) ၁၀ ပါးအောင်လျှင် - အုပ်ရေ (၁၀၀) လှူဒါန်းမည်။

(ဃ) အပါးတစ်ရာ အောင်လျှင် - အုပ်ရေ(၁၀၀၀) လှူဒါန်းမည်။

(င) အပါးတစ်ထောင်အောင်လျှင် - အုပ်ရေ(၁၀၀၀၀) လှူဒါန်းမည်။

(စ) အပါးတစ်သောင်းအောင်လျှင် - အုပ်ရေ (၁၀၀၀၀၀) လှူဒါန်းမည်။

(ဆ) ပိဋကတ်စာအုပ်ပေါင်း - အတွဲ(၃၀) ပုံနှိပ်ထုတ်ဝေမည်။

(ဇ) တစ်တွဲလျှင် - အုပ်ရေ (၃)သောင်း ပုံနှိပ်ထုတ်ဝေမည်။

(ဈ) အတွဲ(၃၀)အတွက် - အုပ်ရေ(၉)သိန်း ပုံနှိပ်ထုတ်ဝေမည်။

(ည) နှစ်စဉ်မပြတ် ၁၅ နှစ် အဓိဋ္ဌာန်ပြု လှူဒါန်းသွားမည်။

### တစ်နိုင်ငံလုံးရှိ စာသင်တိုက်များအား ၂၀၂၇ ခုနှစ်၊ ဇူလိုင်လမှစ၍ ၁၅ နှစ်တိုင်တိုင် အတွဲပေါင်း (၃၀) ပိဋကတ်သုံးပုံစာအုပ်ပေါင်း ၉ သိန်း လှူဒါန်းပွဲ၌

### ဗုဒ္ဓဘာသာဝင်များ တစ်ကြိမ်တစ်ခါမျှ မလှူဖူးသေးသော အသဒိသဒါနမဟာအလှူကုသိုလ်တော်ကြီး အုပ်ရေ (၁၀၀၀)နှင့်အထက် အလှူရှင်များ

| စဉ် | ကုသိုလ်ရှင်အမည် | အလှူငွေ |
|---|---|---|
| ၁။ | မန္တလေးမြို့၊ ၅၇ လမ်း၊ ၁၀၆/၁၀၇ လမ်းနေ ဦးထွန်းလင်းဦး + ဒေါ်ပန်းအိဖြူ သား-မောင်ဟိန်းသော်ခန့်၊ သမီး-မရှင်းသုတမေ မိသားစု | အုပ်ရေ ၂၀၀၀ အလှူငွေ သိန်း (၃၀)ကျပ် |
| ၂။ | မန္တလေးမြို့၊ ဦးကျော်ငွေး + ဒေါ်ယဉ်ယဉ်ထွန်း(၃၉ နှစ်ပြည့်မွေးနေ့ရှင်)၊ သား-မောင်ရှိုင်းဝဏ္ဏကျော်ငွေး (ဆင်တိုင်းယဉ်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)မိသားစု | အုပ်ရေ ၇၀၀၀ အလှူငွေ သိန်း (၁၀၀)ကျပ် |
| ၃။ | အမရပူရမြို့နယ်၊ မင်္ဂလာစံရပ်၊ ဈ(မ)၊ ၂၈ နေ၊ ကျေးဇူးရှင်အဖ ဦးခေတ်သန်း + အမိ ဒေါ်လှလှရီတို့ကို ဦးထိပ်ထား၍ ဦးသိန်းမင်းထက် + ဒေါ်နန္ဒာခေတ်၊ သမီး-မလဝတီမင်းခေတ်၊ မလရတီမင်းခေတ် မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၄။ | မန္တလေးမြို့၊ မိဘ(၂)ပါး ဦးထိပ်ထား၍ ဒေါက်တာခင်ဝင်းကြည်၊ သား-ကိုစန်းဝင်းမောင်၊ ကိုဝင်းမောင်မောင် မိသားစု | အုပ်ရေ ၂၅၀၀ အလှူငွေ သိန်း(၄၀)ကျပ် |
| ၅။ | မိုးကုတ်မြို့၊ အနောက်ပိုင်း၊ ကင်းရွာ၊ ဦးသန်းဇော်လင်း+ဒေါ်ဇင်မာထွန်း၊ သမီး-မဖူးငုံချစ်၊ မပွင့်နဒီချစ်၊ မစုချစ်ရတနာလင်း မိသားစု | အုပ်ရေ ၂၀၀၀ အလှူငွေ သိန်း(၃၀)ကျပ် |
| ၆။ | မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးမြို့သစ်၊ ၅၁/၅၂၊ ၁၀၉(ဘီ)လမ်းနေ ဦးထွန်းလင်းသိန်း + ဒေါ်မီမီဝင်း၊ သား-မောင်သုတလင်း (၇ နှစ်ပြည့်မွေးနေ့)၊ မီဖလားဝါးပန်းအလှဆင်ရောင်းဝယ်ရေး မိသားစု။ | အုပ်ရေ ၁၃၀၀၀ အလှူငွေ သိန်း(၂၀၀)ကျပ် |
| ၇။ | မန္တလေးမြို့၊ နန်းတော်ရှေ့၊ ၄၉ ရပ်ကွက်၊ ဝိသာခါခြံမိသားစု။ | အုပ်ရေ ၂၀၀၀ အလှူငွေ သိန်း(၃၀)ကျပ် |
| ၈။ | မန္တလေးမြို့၊ စက်မှု(၁)နေ ကိုအောင်ထွန်း + မသူဇာဝင်း၊ သား-မောင်ထက်မြက်အောင်(၇-နှစ်ပြည့်မွေးနေ့)၊ သမီး-မချောရတီထွန်း မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၉။ | ပုသိမ်ကြီးမြို့၊ ဦးဖိုးတာ + ဒေါ်လှသွယ်၊ သား-မောင်ဆန်းညွန့်ဆွေ၊ သမီး-မရွှန်းလဲ့အောင်(တိုင်းကျော်ပေါင်းသကြားစက်)မိသားစု | အုပ်ရေ ၁၃၀၀ အလှူငွေ သိန်း(၂၀)ကျပ် |
| ၁၀။ | ပုသိမ်ကြီးမြို့၊ ဦးခင်မောင်သန်း + ဒေါ်ရီရီနွယ်(၆၅ နှစ်ပြည့်မွေးနေ့) မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၁၁။ | မန္တလေးမြို့၊ ဇဇ(၈)၊ ထွန်တုံးမြို့သစ်နေ၊ နှစ်ဖက်မိဘရည်စူး၍ ဦးထွန်းသိန်း +ဒေါ်စုလှိုင်ဖြိုး၊ သား-မောင်ကိုကိုထွန်း+မမိုးမြတ်မွန်၊ ကိုဝေဖြိုးအောင် + မချယ်ရီထွန်း၊ သမီး-ကိုအောင်သုခထွန်း+မအေးငြိမ်းပိုင် (ရှင်းသန့်ဇလုံကြီး-ထမင်းဆိုင်)မိသားစု | အုပ်ရေ ၇၀၀၀ အလှူငွေ သိန်း (၁၀၀)ကျပ် |
| ၁၂။ | ပုသိမ်ကြီးမြို့၊ ကုန်းတန်းရပ်၊ ရွှေပဒေသာလမ်း၊ ဦးဇော်လင်း + ဒေါ်ဖြူနှင်းလှိုင် သမီး-မချမ်းချမ်းမေ၊ သား-မောင်ပိုင်စိုးသန့်၊ မောင်သုတဇော် မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ သိန်း(၂၀)ကျပ် |
| ၁၃။ | ပုသိမ်ကြီးမြို့၊ အရှေ့ကန်ကောက်ရပ်၊ ကိုအောင်ဇော်ထွန်း (ခ) ကိုအောင်ကြီး+ မဇင်မာထွန်း၊ သမီး-မယွန်းပြည့်စုံအောင်၊ မအိမ့်တန်ခူးမေ၊ သား-မောင်ဟန်စစ်၊ မောင်ထက်အောင်ရှိုင်း မိသားစု | အုပ်ရေ ၂၀၀၀ အလှူငွေ သိန်း (၃၀)ကျပ် |
| ၁၄။ | မန္တလေးမြို့၊ ၁၉ လမ်း၊ နန်းတော်ရှေ့နေ၊ ဒေါက်တာရဲမင်းအောင် + ဒေါက်တာဖြူဖြူထွဋ်၊ သားမောင်မင်းဟိဏ်းထက် မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၁၅။ | မန္တလေးမြို့၊ ပါမောက္ခဒေါက်တာတင်စိုး + ဒေါ်သီဂီအောင်၊ သား-မောင်ဘုန်းပြည့်ထူး၊ သမီး-မသက်ဦးအိမ်၊ မသူသူစံအိမ် မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၁၆။ | မန္တလေးမြို့၊ ဦးသက်နိုင်ဦး+ဒေါ်အေးမိခိုင်၊ သမီး-မခိုင်ဇင်သက်၊ မအိဇင်သက်၊ မဖြူဇင်သက် မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၁၇။ | မန္တလေးမြို့၊ ၂၆ လမ်း၊ ၅၇/၅၈ လမ်းနေ o & d.၂၆ လက်ဘက်ရည်ဆိုင်မိသားစု | အုပ်ရေ ၁၃၀၀ အလှူငွေ သိန်း(၂၀)ကျပ် |
| ၁၈။ | မန္တလေးမြို့၊ မိဘနှစ်ပါးအား အမှူးထား၍ ဒေါက်တာသင်းသင်းဦး မောင်နှမတစ်စု | အုပ်ရေ ၇၀၀၀ အလှူငွေ (၇၅)သိန်းကျပ် |
| ၁၉။ | အမရပူရမြို့၊ မယ်တော်စုရွာ ဒေါ်သင်းသင်းဆွေ သမီး-မဟန်သီရိဇော်(၁၈ နှစ်ပြည့်မွေးနေ့) မိသားစု | အုပ်ရေ ၁၃၀၀ အလှူငွေ သိန်း(၂၀)ကျပ် |
| ၂၀။ | ပုသိမ်ကြီးမြို့၊ ရွာရှည်ရွာ ဦးစိန်လှိုင်အားရည်စူး၍ ဒေါ်သန်းပို၊ သားသမီးမြေးတစ်စု | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၂၁။ | မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီမြို့ဟောင်းရပ်နေ ဦးဝင်းအောင် + ဒေါ်မြလင်း၊ သမီး-မအိသီဂီဖြိုး၊ မဟန်ရီဖြိုး၊ သား-မောင်မျိုးမြတ်ဟိန်း(အောင်ဇေယျ အချိုဆိုင်နှင့် ကုန်မျိုးစုံ)မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၂၂။ | မိုးကုတ်မြို့၊ ကိုအောင်မျိုးမြင့် + မကြည်ကြည် မိသားစု | အုပ်ရေ ၇၀၀၀ အလှူငွေသိန်း(၁၀၀)ကျပ် |
| ၂၃။ | မန္တလေးမြို့၊ ၇၁ လမ်း(A)၊ ၁၀၈/၁၀၉ ကြား ကွယ်လွန်သူဖခင်ကြီး ဦးတင်မြင့်ဦးအားရည်စူး၍ ကျန်ရစ်သူမိခင်ကြီး ဒေါ်မြင့်မြင့်အောင်၊ သား-မောင်ပြည့်စုံအောင်၊ သမီး-မောင်အုပ်စိုးမောင်+မစုစုမွန်အောင် မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၂၄။ | မန္တလေးမြို့၊ ဒေါ်စောမာလာ (၅၂ နှစ်ပြည့်မွေးနေ့မင်္ဂလာ) (ကိုစောဆိုင်ကယ်ရောင်းဝယ်ရေး) | အုပ်ရေ ၁၀၀၀ အလှူငွေ (၁၅)သိန်းကျပ် |
| ၂၅။ | ပုသိမ်ကြီးမြို့၊ ကုန်းတန်းရပ်၊ ကွယ်လွန်သူ ဦးလှမြင့်အား ရည်စူး၍ ဒေါ်အမာစိန် မိသားစု | အုပ်ရေ ၁၃၀၀ အလှူငွေ သိန်း(၂၀)ကျပ် |
| ၂၆။ | ပုသိမ်ကြီးမြို့၊ ကုန်းတန်းရပ်နေ ဦးကျော်စိန်အား ရည်စူး၍ ဒေါ်စန်းစန်းမြင့် မိသားစု | အုပ်ရေ ၁၀၀၀ အလှူငွေ (၂၀)သိန်းကျပ် |
| ၂၇။ | မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက် ဦးဉာဏ်ထွန်း + ဒေါ်မြတ်စိန် မိသားစု | အုပ်ရေ ၁၃၀၀၀ အလှူငွေ သိန်း(၂၀၀)ကျပ် |
| ၂၈။ | ပုသိမ်ကြီး၊ မန္တလေး ဦးကျော်ဝင်း "အောင်မြင်မြန်အောင်ကုမ္ပဏီလီမိတက်" Hillside @ Mandalay Resort & Villas | အုပ်ရေ ၈၀၀၀ အလှူငွေ သိန်း(၁၂၀)ကျပ် |
| ၂၉။ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက် ဦးတင်ထူး + ဒေါ်သန်းသန်းအေး မိသားစု | အုပ်ရေ ၃၅၀၀ အလှူငွေ သိန်း(၅၀)ကျပ် |
| ၃၀။ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက် ဦးကျော်မြင့် + ဒေါ်ဝိုင်း မိသားစု | အုပ်ရေ ၃၅၀၀ အလှူငွေ သိန်း(၅၀)ကျပ် |
| ၃၁။ | ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးလှဝင်း + ဒေါ်အေးကြည် မိသားစု | အုပ်ရေ ၃၅၀၀ အလှူငွေ သိန်း(၅၀)ကျပ် |

မှတ်ချက်။ ။ (က) ယခုအထိ အလှူခံရရှိသည့်စာအုပ်ပေါင်း တစ်သိန်းနှစ်ထောင့်နှစ်ရာ (၁၀၂၂၀၀)တိတိဖြစ်ပါသည်။

(ခ) ကျန်ရှိနေသော အလှူရှင်များကိုလည်း ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

**ဘဒ္ဒန္တဝိသုတ**

သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အဘိဓမ္မဝိဒူဘွဲ့တံဆိပ်တော်ရ တစ်နိုင်ငံလုံးဆိုင်ရာ ပထမပြန်စာသင်တိုက်များစောင့်ရှောက်ရေးအဖွဲ့ကြီးဥက္ကဋ္ဌ တစ်နိုင်ငံလုံးဆိုင်ရာ သာမဏေကျော်စာသင်သားများစောင့်ရှောက်ရေးအဖွဲ့ကြီးဥက္ကဋ္ဌ တစ်ကမ္ဘာလုံးဆိုင်ရာ အမှန်တရားဖော်ထုတ်ရေးအဖွဲ့ကြီးဥက္ကဋ္ဌ ယမိုက်ပဋ္ဌာန်းအထူးသင်တန်းနည်းပြ၊ စာမျက်နှာ(၂၀၀၀)ကျော်ရှိ လောကဟိတပကာသနီကျမ်း၊ စာမျက်နှာ(၁၅၀၀)ကျော်ရှိ တိပိဋကရေစာမေးပွဲအတွက် အထူးထုတ်ပဋ္ဌာန်းကျမ်း၊ စာမျက်နှာ (၁၃၀၀)ကျော်ရှိ ပဋ္ဌာန်းသင်္ချာကျမ်းနှင့် ဗုဒ္ဓါနုဿတိဘာဝနာပွားများနည်းတစ်သောင်းကျမ်းပြု၊ ပဓာနနာယကဆရာတော် လေးကျွန်းမာရ်အောင်သာမဏေကျော်စာသင်တိုက်၊ ရန်ကင်းတောင်၊ မန္တလေး။

09-797145144







## ပျောက်ဆုံးကြောင်း

ဒေါ်နန်းမြထွေး (ဘ) ဦးအိုက်ငင်းဝါ(၁၃/နခန(နိုင်)၀၀၆၆၁၀)၏နိုင်ငံကူးလက်မှတ်အမှတ်(MC-546279)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-776909116

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့၊ အင်ပင်လှရွာနေ ကိုမျိုးဇော် (ဘ) ဦးတင်ဇော်(၇/သကန(နိုင်)၁၄၉၀၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-332186)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-674376334

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက (လခွဲ-၅)၊ Grade-6(A)တွင် ပညာသင်ကြားနေသော မဆွေရတီဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးချစ်ဆန်းမောင်** ဖြစ်ပါကြောင်း။

**ဦးချစ်ဆန်းမောင် (၅/အရတ(နိုင်)၀၈၄၇၅၃)**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီးတော့တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်း ဗိုလ်လုပွဲတက်ရောက်



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက် ယှဉ်ပြိုင်ကစားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက်

**စာမျက်နှာ ၂၃ ကော်လံ ၁ ☆**



ပြည်တွင်းပြည်ပရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လေ့လာကြည့်ရှုစစ်ဆေးကြစဉ်။

## ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရတနာကုန်သည်များက ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

**စာမျက်နှာ ၂၁ ကော်လံ ၁ ✱**

## AFC U–17 အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာနှင့် တရုတ်–ဟောင်ကောင် အသင်းတို့၏ ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၀**

AFC U–17 အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် မြန်မာနှင့် တရုတ်–ဟောင်ကောင်အမျိုးသမီးဘောလုံးအသင်းတို့၏ ခြေစစ်ပွဲစဉ်ကို အောက်တိုဘာ ၁၁ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD၊ MRTV Sports၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

(သတင်းစဉ်)

**ရတနာပုံ** **ယနေ့ဖတ်စရာ**

**နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း**

စာမျက်နှာ – ၂၂

## ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်းက လိဒ်ယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၀**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ယနေ့ညနေပိုင်းက အာဆင်နယ်အသင်းနှင့် လိဒ်ယူနိုက်တက်အသင်းတို့သည် အာဆင်နယ်အသင်းအိမ်ကွင်း အမ်းမရိတ်အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက

**စာမျက်နှာ ၁၆ ကော်လံ ၃ ■**




## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံ စနစ်တကျဖြိုချဖျက်ဆီးပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံ ၆၃လုံးအနက် ယနေ့တွင် ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ယမ်းဖြင့်ဖောက်ခွဲ၍ စနစ်တကျဖြိုချဖျက်ဆီးနိုင်ခဲ့ပြီး ဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၆၁ လုံးကိုလည်း

**စာမျက်နှာ ၂၆ ကော်လံ ၁ ❖**